မြန်မာ့အလင်း

၁၂၇၇ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာသွားမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ***ကျောဖုံးသို့*** ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး သီးနှံစုံတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်၍ စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းလျက်ရှိရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက် ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများနှင့် မြစ်ရေတင်စီမံကိန်း၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် အဓိကသီးနှံဖြစ်သည့် စပါးကိုအခြေခံပြီး နွေစပါးနှင့် အခြားသီးနှံစုံစိုက်ဧကတိုးချဲ့ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ အထွက်တိုး မျိုးကောင်းမျိုးသန့် သီးနှံမျိုးများ အသုံးပြုရေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းစိုက်ပျိုးမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍ၌ ယခင်ကစပါးအထွက်နှုန်း တစ်နှစ် တင်း၆၅၃သန်းသာ ထွက်ရှိခဲ့ရာမှ ယခုအခါ တစ်နှစ် တင်းသန်း၁၂၀၀ထွက်ရှိလာကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မတ်လ၆ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်း ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိမင်္ဂလာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက-

"ပဲခူးတိုင်း၌ မိုးစပါးစိုက်ဧကသိန်း၃၀ တိုးတက်စိုက်ပျိုးရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး၊ အဓိကသီးနှံ ၁၀ မျိုးနှင့် ဒေသနှင့်ကိုက်ညီသည့် အမယ်သစ် ငရုတ်ကောင်း၊ ကော်ဖီနှင့် နှစ်ရှည်သီးနှံဖြစ်သည့် သစ်ဆိမ့်အပြင် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးရေး"

ဆွေးနွေးမှာကြားခဲ့သည်။

ထန်းတပင်မြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဆိပ်ကြီးလျှပ်စစ်မြစ်ရေတင် နွေစပါးစိုက်ကွင်းအတွင်း၌ နွေစပါးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ တောင်ငူ-ထန်းတပင် လမ်းဘေးဝဲယာတစ်လျှောက်၌ ပဲအမျိုးမျိုးနှင့် နေကြာသီးညှပ် စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အုတ်တွင်းမြို့နယ် ညောင်ပင်ကြီး ကျေးရွာအုပ်စုရှိ နွေစပါးဧက ၅၀၀ကျော် စိုက်ပျိုးမှုမှာလည်း အောင်မြင်ဖြစ်ထွန်းနေသည်။

အုတ်တွင်းမြို့နယ် ဝတီးကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဝတီးလျှပ်စစ်မြစ်ရေတင် လုပ်ငန်းခွင်အတွင်း မြင်းကောင်ရေ ၂၅ကောင်အားရှိ မော်တာရှစ်လုံး၊ 315 KVA နှင့် 300 KVA ထရန်စဖော်မာနှစ်လုံးဖြင့် စစ်တောင်းမြစ်ရေကို လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ပင်မမြောင်းမှ တစ်ဆင့် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ပဲခူးတိုင်း(အရှေ့ပိုင်း)တွင် ၂၀၀၅-၂၀၀၆ခုနှစ်၌ နွေစပါးလျာထား ဧက၁၄၂၈၅၀အနက် ၁၆၃၀၄၅ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၁၁၄ဒသမ၁၄ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သည်။

တောင်ငူ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌လည်း ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းကာ ပျိုးထောင်လျက်ရှိသည်။

ထန်းတပင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း၌ ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့ ၇၀၀၀၀ ပျိုးထောင်ထားရာ ရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။

ပဲခူးတိုင်းသည် ရေမြေသဘာဝသယံဇာတ အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသော တိုင်းတစ်တိုင်းဖြစ်သည်။ ပဲခူးတိုင်းတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အားအထားရဆုံးဖြစ်သည်။

သို့ဖြစ်ရာ ပဲခူးတိုင်းအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုနိုင်စေရန် လယ်ယာကဏ္ဍ သီးနှံစုံတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဗဟန်း ကြားတောရလမ်းရှိ မင်္ဂလာဈေး ဓမ္မာရုံ ဆွမ်းချက်ဆောင် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို မတ် ၆ ရက်က ကျင်းပရာ ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ မထေရ်မြတ်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"ပဋိစ္စသမုပ္ပါဒ်" (အမှတ်-၂)**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ ကျန်းမာသုတ
- ၁၂:၂၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အပြောင်းအလဲ"** (အပိုင်း-၂)
- ၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၅။ အမေးကမ္ဘာ တွေးစရာ
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၀။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၉)
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ပဟေဠိနန်းတော်
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ English Premier League ဘောလုံးပွဲ Arsenal Vs Liverpool

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၆ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ သံသာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (သူမြတ်ကျင့်ထုံးနှလုံးသွင်း)
- ၇:၁၅ Sunday Talk
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ ဆီးသီး၏အသုံးဝင်မှုများ
- ၈:၃၅ ပြည်တွင်း သတင်းအကျဉ်း
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ မိသားစုတနင်္ဂနွေ (ရွှေတိဂုံစေတီတော်)
- ၉:၁၀ ပညာပါရမီကုသိုလ်တော် နတ်လူသာခုခေါ်
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၀ အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၃)
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ စေ့စေ့စပ်စပ် (ဇော်ဦး၊ ခိုင်နှင်းဝေ)
- ၁၀:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၅ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဆွေးနွေးခန်း)
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၁၀ Myanmar Video Rhythm
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၇:၅၅	Man United-Newcastle	5-Sports (Live)
၁၀:၂၅	Arsenal-Liverpool	5-Sports (Live)
၁၂:၃၀	Final Score	5-Sports (Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Ascoli - Roma	5-Movies (Live)
၂:၀၀	Juventus-AC Milan	5-Sports (Live)

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်း အဝေး တတိယနေ့ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အောင်မြင်စွာပြီးစီး

ရန်ကုန် မတ် ၁၁

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့သို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

တင်မြှောက်တော်မူ

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း (အနောက်) ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ယုဂန္ဓရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဇယမေဒနီဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အင္ဂိယ၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘနနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အဘိဓမ္မနယူပဒေသကျောင်းတိုက် မစိုးရိမ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သာဂရာဘိဝံသတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို လျှောက်ထားကာ အစည်းအဝေးအထမြောက်ကြောင်းနှင့် ယနေ့ ဆက်ကပ်ဖြန့်ဝေထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

အတည်ပြုချက်ရယူ

အစီအစဉ်အရ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း လျှောက်ထားပြီး သဘာပတိ ဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူ တော်မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ နိကြောဓာရုံ ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အဆင့်မြှင့်တင်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ လျှောက်ထားခြင်းကို တင်ပြလျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

သဘာပတိ

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက ဆောင်ရွက်တော်မူသည်။

ဆက်ကပ်တော်မူ

အစီအစဉ်အရ သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်တော်မူသည်။

လက်မှတ်ရေးထိုး

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး၁၅ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ် တစ်ပါးကျစီတို့က သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ လက်မှတ်ရေးထိုးတော်မူကြသည်။

ဆက်လက်၍ သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက နိဂမနဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

(သဘာပတိ ဆရာတော်၏ နိဂမနဩဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက “ဇယန္တော ၁ဗောဓိယာမူလေ” အစရှိ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုကြပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုလျက် မွန်းလွဲပိုင်းတွင် ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်(၁၇၇)မှ ဦးလှအေးနှင့် ကိုးပါးဆေးမိသားစုတို့က တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်နှင့်ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းခြင်းကျင်းပ

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်းအခမ်းနားကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဘွဲ့လက်မှတ်များအပ်နှင်း

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မဟာပညာရေး ဘွဲ့ရရှိသူ သုံးဦး၊ ဘွဲ့လွန်ပညာရေးဘွဲ့ရရှိသူ ၅၃ ဦးနှင့် ပညာရေး ဘွဲ့ရရှိသူ ၉၂ ဦးတို့အား လည်းကောင်း၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ပညာရေးဘွဲ့ရရှိသူ၁၅၇ဦးအား လည်းကောင်း ဘွဲ့လက်မှတ်များ အပ်နှင်းသည်။ ဆက်လက်၍ ပြည်ထောင်စုတိုင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက ပညာရေးဘွဲ့ ရရှိသူ ၉၆ ဦးအား ဘွဲ့လက်မှတ်များ၊ ဆရာအတတ်ပညာ ဒီပလိုမာရရှိသူ ၆၈ဦးအား ဒီပလိုမာအပ်နှင်းသည်။

ထို့နောက် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားတွင် သင်တန်းဆင်းမောင်မယ်များအနေဖြင့် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသော ပညာရေးဝန်ထမ်းများပီသစွာ မိမိတို့ထမ်းဆောင်ရမည့် တာဝန်၏ အရေးပါမှုကို သဘောပေါက်ပြီး နယ်စပ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် စတုတ္ထအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဘွဲ့လက်မှတ် အပ်နှင်းစဉ်။ (သတင်းစဉ်)

ဒေသမှ တိုင်းရင်းသားလူငယ်များကို အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် စိတ်စေတနာအပြည့်ဖြင့် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာတွင် နိုင်ငံရေးနှင့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက မနားမနေကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိသည်ကို နားလည်သိမြင်ပြီး မိမိတို့ သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များကို အသုံးပြုကာ နယ်မြေဒေသနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးလာအောင် ဒေသခံပြည်သူများကိုဦးဆောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ထို့အပြင် တက္ကသိုလ်က လေ့ကျင့်ဖော်ဆောင်ပေးခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို နိုင်ငံအနှံ့ သယ်ဆောင်သွားပြီး ဒေသခံပြည်သူများနှင့် တပည့်များအကြား ရှင်သန်ပြန့်ပွားနေအောင်၊ တိုင်းရင်းသားပြည်သူများအကြား မှန်ကန်သည့် အသိအမြင်အတွေးအခေါ်များရရှိအောင် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများပီပီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့သည် ထူးချွန်ဆုရသင်တန်းသားသင်တန်းသူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဘွဲ့ရ သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန် လူ့အခွင့်အရေးအစီရင်ခံစာ ဗီယက်နမ် ပယ်ချ

ဟနွိုင်း မတ် ၁၁

ဗီယက်နမ်နိုင်ငံနှင့်ပတ်သက်၍ ၂၀၀၅ခုနှစ် လူ့အခွင့်အရေးမှတ်တမ်းအဖြစ် အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာ၌ ဖော်ပြထားမှုများကို ဗီယက်နမ်နိုင်ငံက ပယ်ချလိုက်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ် ၉ရက်၌ ပြောကြားလိုက်သည်။

ချဲ့ကားရေးသား

၎င်းအစီရင်ခံစာသည် ချဲ့ကားရေးသားထားခြင်းဖြစ်ပြီး မိမိလိုရာကောက်ချက်ဆွဲထားခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၌ ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အဆိုပါ ပြောရေးဆိုခွင့်ရှိသူ လီဒေါင်က ပြောကြားသည်။

လွတ်လပ်ခွင့်ပေး

ဗီယက်နမ်နိုင်ငံတွင် လွတ်လပ်မှုကို အပြည့်အဝပေးထားကြောင်း၊ ပြည်သူတစ်ရပ်လုံးအနေဖြင့် အခြားနိုင်ငံများနည်းတူ နေထိုင်လုပ်ကိုင်ခွင့်၊ လွတ်လပ်ခွင့်များကိုပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် နိုင်ငံရေးစနစ်များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားမှုရှိမည်ဖြစ်သော် လည်း အခြားနိုင်ငံများနှင့်လည်း နီးနီးကပ်ကပ်ဆက်ဆံရေး ကောင်းမွန်အောင် လုပ်ဆောင်နေကြောင်းလည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဝက်ဝံဖြူမိသားစု

နယ်သာလန်နိုင်ငံ ရီနန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မြောက်ဝင်ရိုးစွန်းဒေသ ဝက်ဝံဖြူမကြီး တစ်ကောင်က မွေးဖွားခဲ့သော သုံးလသားအရွယ် ဝက်ဝံပေါက်ကလေးများကို မတ် ၁၀ရက်က မိခင်ဝက်ဝံဖြူမကြီးနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားအလုပ်သမားများ ပြည်ပသို့စေလွှတ်မည်

ဂျကာတာ မတ် ၁၁

အင်ဒိုနီးရှားနိုင်ငံသည် အလုပ်လက်မဲ့နှုန်း လျော့ကျစေရေးအတွက် ၂၀၀၉ ခုနှစ်မတိုင်မီ ပြည်ပသို့အလုပ်သမား ၃ဒသမ ၅သန်းစေလွှတ်သွားရန် အင်ဒိုနီးရှားအစိုးရက ရည်မှန်းချက်ထားရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ အစိုးရ အဖွဲ့ဝင်ဝန်ကြီးတစ်ဦးက မတ် ၈ရက်၌ ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုကဲ့သို့ ပြည်ပသို့အလုပ်သမားများ ပိုမိုစေလွှတ်ခြင်းဖြင့် နှစ်စဉ် အလုပ်လက်မဲ့ ဦးရေ တိုးပွားမှုကို လျော့ကျစေနိုင်ပြီး လွန်ခဲ့သည့်နှစ်က ပြည်ပသို့အလုပ်သမား ၄၇၄၃၀၀ စေလွှတ်ခဲ့ရာ ယခုနှစ်တွင် အလုပ်သမား ခုနစ်သိန်း စေလွှတ်ရန် ရည်မှန်းထားသည်ဟု အင်ဒိုနီးရှားနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ဝန်ကြီး ဆူပါနိုက ပြောကြားသည်။

ပြည်ပသို့ စေလွှတ်မည့်အလုပ်သမားများအတွက် အင်ဒိုနီးရှားနိုင်ငံက ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် စမတ်ကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ဂွာတီမာလာ၌ ရွှေနှင့်ငွေ ထွက်အားကောင်း

ဂွာတီမာလာ မတ် ၁၁

ဂွာတီမာလာနိုင်ငံ ဆမ်မီဂယ် အီတာဟူကန်ဒေသရှိ ဂလမ်းမစ် သတ္တုလုပ်ငန်းမှ ထုတ်လုပ်ထားသော ၉၆ကီလိုဂရမ်ရှိ ရွှေနှင့် ငွေများရောနေသော သတ္တုချောင်းကို တွေ့ရခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ယင်း ရွှေငွေအရော သတ္တုချောင်းမှာ လက်ရှိ ပေါက်ဈေး ဒေါ်လာ ၁၈၁၀၀၀ရှိကြောင်း သိရသည်။

အဆိုပါသတ္တုတွင်းမှ လာမည့် ၁၀နှစ်တာကာလအတွင်း နှစ်စဉ် ရွှေချိန် ၂၅၀၀၀၀အောင်စနှင့် ငွေချိန် အောင်စ ၃ ဒသမ ၈သန်း ထုတ်လုပ်သွားမည်ဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟန်နိုဗာမြို့၌ ဒတ်ချ်ကုမ္ပဏီမှ ထုတ်လုပ်သော အမျိုးသမီး လက်ဆွဲအိတ်ပုံစံ ပုံဖော် ပြုလုပ်ထားသည့် ကွန်ပျူတာအား မော်ဒယ်တစ်ဦး ပြသနေသည်ကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး အင်ဒိုနီးရှား၌ ထုတ်လုပ်နိုင်ပြီ

အင်ဒိုနီးရှား မတ် ၁၁

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘိုဂေါ စိုက်ပျိုးရေးတက္ကသိုလ်မှ ထုတ်လုပ်လိုက်သော ကြက်ငှက် တုပ်ကွေး ကာ ကွယ် ဆေး ထိုးဆေးဘူးကို အဆိုပါ တက္ကသိုလ်မှ သင်တန်းကျောင်းသူ တစ်ဦးက ပြသနေခြင်း ဖြစ်သည်။ **(ယာပုံ)**

အဆိုပါ ကြက်ငှက် တုပ်ကွေး ကာကွယ်ဆေးကို အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းလျက် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကြက်ငှက်တုပ်ကွေး ကာကွယ်ထိုးဆေးသည် H5 N1 ဟု အမည်ရှိ ကြက်ငှက်တုပ်ကွေးရောဂါပိုးကို သေစေနိုင်သည့် ကမ္ဘာ့ပထမဦးဆုံး ထိုးဆေးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ဈေးနှုန်းချိုသာသော အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆေးဝါးသစ် ယူဂန္ဒာ၌ထုတ်လုပ်

ကမ်ပါလာ မတ် ၁၁

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၇၆နိုင်ငံအနက် ယူဂန္ဒာနိုင်ငံသည် မရှိမဖြစ် လိုအပ်နေသည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရေး ဆေးဝါးတစ်မျိုးကို ဈေးနှုန်း ၂၀ရာခိုင်နှုန်းဖြင့် အကျိုးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းတစ်ပုဒ်က မတ် ၈ရက်တွင် ဖော်ပြသည်။

ပြောကြား

ဈေးနှုန်းအရ လူနာတစ်ဦးအတွက် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၅၉ဆင့်မှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၇၇ဒသမ ၄၀ အထိသာ ကုန်ကျမည်ဖြစ်ကြောင်း မတ်ရှပ်နှင့် ဒိုမီဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီမှ ညွှန်ကြားရေးမှူး အပိုလိုဆင်ဝိုဂါရီရီက ပြောကြားသည်။

ဖော်ပြပါရှိ

ကုမ္ပဏီသည် အကျိုးသက်ရောက်မှုရှိစေရန် ဈေးနှုန်းကို လျှော့ချခြင်းဖြစ်ပြီး ဈေးနှုန်းသက်သာမှုသည် ထုတ်လုပ်မှု အစီအစဉ်တိုးတက်ကောင်းမွန်မှု ရလဒ်ပင်ဖြစ်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

စားသုံးရန်လိုအပ်

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိသည့် အရွယ်ရောက်ပြီးသူ တစ်ဦးသည် ရောဂါကုထုံးအရ တစ်ရက်လျှင် မီလီဂရမ် ၆၀၀ စားသုံးရန်လိုအပ်ပြီး တစ်လလျှင် အနည်းဆုံး ၂၈ရက် စားသုံးရမည်ဖြစ်သည်။

ယူဂန္ဒာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ ရောဂါပိုးရှိသူ တစ်သန်းကျော်ရှိပြီး ၎င်းတို့အနက် ၇၀၀၀၀ခန့်သည် လောလောဆယ်၌ အေအိုင်ဒီအက်စ်ဆေးဝါးများဖြင့် ကုသမှုခံယူလျက်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံမှ အင်ချွမ်လေဆိပ် ကမ္ဘာ့အကောင်းဆုံးဖြစ်

ဘရပ်ဆဲလ် မတ် ၁၁

ကမ္ဘာပေါ်တွင် အကောင်းဆုံး လေဆိပ်မှာ တောင်ကိုရီးယားနိုင်ငံမှ အင်ချွမ် လေဆိပ်ဖြစ်ပြီး ကမ္ဘာ့ဒုတိယ အကောင်းဆုံး လေဆိပ်များမှာ ဟောင်ကောင် လေဆိပ်နှင့် စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်တို့ ဖြစ်ကြသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဇာဗင်တမ်လေဆိပ်သည် ဥရောပတွင် အကောင်းဆုံး လေဆိပ်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်များကောင်စီ (အေစီအိုင်)က ပြောကြားသည်ဟု ဘီလ်ဂါသတင်းဌာနက မတ် ၈ရက်၌ သတင်းထုတ်ပြန်သည်။

ထို့အပြင် ဆွစ်ဇာလန်နိုင်ငံမှ ဇူးရစ်လေဆိပ်နှင့် ဖင်လန်နိုင်ငံမှ ဟယ်ဆင်ကီ လေဆိပ်တို့မှာလည်း ဒုတိယနှင့်တတိယလိုက်ကာအကောင်းဆုံးလေဆိပ်များ ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အသေးငယ်ဆုံး မှတ်စုစာအုပ်



ကမ္ဘာ့ အသေးငယ်ဆုံး မှတ်စုစာအုပ်လေး တစ်အုပ်ကို ပြသနေစဉ်။ (ယာပုံ)

အဆိုပါ မှတ်စုစာအုပ်လေး၏ အရွယ်အစားမှာ ၅ x ၅စင်တီမီတာခန့်သာရှိပြီး လန်ဒန်မြို့ လေလံတင်ရောင်းချရေးအဖွဲ့ ခရစ်စတီး၌ ပြသထားသည်။ ထိုမှတ်စုစာအုပ်လေးကို ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၃၆၀မှ ၅၅၀ ခန့်မှန်း ထားရာ အဆိုပါ ငွေကြေးပမာဏထက် ပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ထိုမှတ်စုစာအုပ် လေးမှာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး မှတ်စုစာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အာရှတိုက်တွင် အရပ်အရှည်ဆုံး အမျိုးသမီး

အာရှတိုက်တွင် အရပ်အရှည်ဆုံး အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

(တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ် လီရှန်မြို့တွင် နေထိုင်သူ ယိုဒီဖန်အမည်ရှိ အမျိုးသမီးသည် အသက် (၃၆) နှစ်အရွယ်ရှိပြီး အရပ်မှာ ၂ဒသမ ၃၆မီတာမြင့်ကြောင်း သိရသည်။ ယိုဒီဖန်မှာ အာရှတိုက်တွင် အရပ်အမြင့်ဆုံး အမျိုးသမီးတစ်ဦး ဖြစ်သည်ဟု ဆိုသည်။)

(အင်တာနက်)

အရည်စီးဆင်းနေသော စနေဂြိုဟ်၏ အရန်လမျက်နှာပြင်

နာဆာ မတ် ၁၁

နာဆာအဖွဲ့မှ လွှတ်တင်ထားသော အာကာသစူးစမ်းလေ့လာရေးယာဉ် ကက်စီနီသည် စနေဂြိုဟ်အနီးသို့ ချဉ်းကပ်ပျံသန်းလေ့လာလျက်ရှိရာ စနေဂြိုဟ်၏ အရန်လမှ ထူးခြားသော ဖြစ်ရပ်တစ်ခုကို ရယူမှတ်တမ်းတင်နိုင်ခဲ့သည်။



စနေဂြိုဟ်၏ အရန်လမျက်နှာပြင်မှ အရည်များ စီးဆင်းထွက်ရှိနေမှုကို တွေ့ရစဉ်။

ရှာဖွေတွေ့ရှိ

ကက်စီနီအာကာသလေ့လာရေးယာဉ်သည် စနေဂြိုဟ်၏ အရန်လမျက်နှာပြင်ကို လေ့လာသည့်အခါ အရန်လမျက်နှာပြင်မှ အရည်များ စီးဆင်းနေသည်ကို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ရသည်။ ထိုသို့ တွေ့ရှိမှုသည် အာကာသ၏ လျှို့ဝှက်မှုဆိုင်ရာ အချက်တစ်ချက်ကို ရှာဖွေတွေ့ရှိလိုက်ရခြင်းဖြစ်သည်ဟု နာဆာမှ ပြောကြားသည်။

စူးစမ်းလေ့လာ

စနေဂြိုဟ်၏ အရန်လမျက်နှာပြင်မှ အရည်များ စီးဆင်းထွက်ရှိနေမှုကို ကက်စီနီအာကာသလေ့လာရေးယာဉ်မှ နာဆာမြေပြင်စခန်းသို့ ပေးပို့လိုက်ခြင်းဖြစ်ပြီး နာဆာအဖွဲ့မှ စူးစမ်းလေ့လာမှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

ထုတ်ပြန်ဖော်ပြ

နာဆာသိပ္ပံပညာရှင်များက ယခုကဲ့သို့ ထူးခြားသော ဖြစ်ရပ်ကို ကမ္ဘာ့ပြည်သူများသိရှိရန် မတ် ၁၀ရက်က ဓာတ်ပုံနှင့်တကွ ထုတ်ပြန်ဖော်ပြပေးလိုက်သည်။ **(အင်တာနက်)**

သြစတြေးလျနိုင်ငံမှယူရေနီယံများ အိန္ဒိယနိုင်ငံသို့ ရောင်းချပေးမည်

ကင်ဘာရာ မတ် ၁၁

သြစတြေးလျနိုင်ငံက အိန္ဒိယနိုင်ငံသို့ အနာဂတ်ယူရေနီယံရောင်းချမှုအတွက် တံခါးဖွင့်ထားပြီဖြစ်ကြောင်း သို့ရာတွင် သြစတြေးလျနိုင်ငံက တရုတ်နိုင်ငံသို့ ယူရေနီယံရောင်းချနေမှု မဖွင့်ပေးသမျှ ကာလပတ်လုံး နှစ်အတန်ကြာ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး စဉ်းစားစရာလိုအပ်မည်မဟုတ်ကြောင်း ထိပ်တန်းလေ့လာဆန်းစစ်သူတစ်ဦးက မတ် ၇ရက်၌ ပြောကြားလိုက်သည်။

သြစတြေးလျနိုင်ငံက အိန္ဒိယသို့ လောလောဆယ်တွင်ရောင်းချပေးရန် မလိုအပ်သေးကြောင်း၊ တရုတ်နှင့် လက်မှတ်ရေးထိုးထား၍ ဖြစ်ကြောင်း သြစတြေးလျအမျိုးသားတက္ကသိုလ်မှ မိုက်ကယ်မက်ကင်လီက ပြောကြားသည်။

ဆွေးနွေး

ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် အိန္ဒိယနှင့် အမေရိကန်တို့ နျူကလီးယားပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးပြီး ရက်ပိုင်းအကြာ အိန္ဒိယသို့သွားရောက်ကာ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ယူရေနီယံရောင်းချရေးကိစ္စ ဆွေးနွေးခဲ့သည်။

သဘောတူညီခဲ့

စာချုပ်အရ အိန္ဒိယနိုင်ငံက စစ်ဘက်နှင့် အရပ်ဘက်နျူကလီးယားအစီအစဉ်များ သီးခြားစီပြုလုပ်ရန် ကတိပြုခဲ့ပြီး ၎င်း၏လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နိုင်ငံတကာစစ်ဆေးမှုများခွင့်ပြုရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ပြောကြား

အမေရိကန်-အိန္ဒိယ သဘောတူညီချက်ကို စစ်ဆေးမည်ဖြစ်ကြောင်း၊ သြစတြေးလျ နိုင်ငံက နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးမထိုးထားသော နိုင်ငံများအား ယူရေနီယံမရောင်းချရေး မူဝါဒချမှတ်ထားကြောင်း ဟောင်းဝပ်က တာဝန်ရှိသူများအား ပြောကြားသည်။

တိုးမြှင့်

သြစတြေးလျနိုင်ငံသည် ကမ္ဘာ့အရန် ယူရေနီယံ ၄၀ရာခိုင်နှုန်းကျော်ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှုတိုးမြှင့်ရန် စိတ်အားထက်သန်နေသည်။

အမ်အင်အေ၊ရိုက်တာ

ဖိလစ်ပိုင်လေကြောင်း အဲဘတ်စ်လေယာဉ်ဝယ်ယူ

မနီလာ မတ် ၁၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့လေဆိပ် ၌ ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးဆုံး လေကြောင်းလိုင်းဖြစ်သော စီဘူးပစိဖိတ်က အသစ်ဝယ်ယူလိုက်သော အဲဘတ်စ်အေ-၃၂၀လေယာဉ်ကြီးအား ဖိလစ်ပိုင်သမ္မတ ဂလိုရီယာ မကာပါဂါးလ်အာရိုယိုက အခမ်းအနားဖြင့် ဖွင့်လှစ်ပေးအပြီး တွေ့ရခြင်း ဖြစ်သည်။ **(ယာပုံ)**

အဆိုပါ လေကြောင်းသည် မကြာမီက အဲဘတ်စ် -၃၁၉လေယာဉ် အသစ်စက်စက် ၁၂စင်းကို ဝယ်ယူထားပြီဖြစ်ကြောင်း သိရသည်။ ယင်းလေကြောင်း သည် ငါးနှစ်တာ ကာလအတွင်း ပြည်တွင်းလေကြောင်းကုမ္ပဏီများတွင် နံပါတ်(၁)ဖြစ်လာရန် ရည်ရွယ်လျက် လေယာဉ်အသစ်များ ဝယ်ယူဖြည့်ဆည်းခဲ့ရာ အဲဘတ်စ်အေ-၃၂၀ လေယာဉ်နှစ်စင်းကိုလည်း ဝယ်ယူလိုက်ကြောင်း သိရသည်။ **အမ်အင်အေ၊အေပီ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ တက်ရောက် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ခရိုင်ချင်းဆက် အမှတ်(၂)လမ်းပိုင်းများကြည့်ရှုစစ်ဆေး ရွာဝင်တံတားလေးများဆောက်လုပ်ရာတွင် ရေဆိုးမြောင်းများ ပိတ်လျှံမှုမဖြစ်ရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၁၁

မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ ရက် နံနက် ၇နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် ဆည်ရေသောက် နွေစပါးအထူးဇုန်နယ်မြေရှိ နွေစပါးစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆည်ရေသောက်နွေစပါး အထူးဇုန်နယ်မြေ၌ တောင်သူ ဦးစိုးမြင့် စိုက်ပျိုးထားသော နွေစပါး ၁၅၉ဧက၊ တောင်သူ ဦးဖိုးကြည် စိုက်ပျိုးထားသော နွေစပါး ဧက၁၁၀နှင့် စိုက်ပျိုးရန် အသင့်ထွန်ယက်ထားသော လယ်မြေကွက် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက်၇နာရီ ၄၅မိနစ်တွင် စွယ်တော်မြတ်စေတီတော် (မန္တလေး) စန္ဒကူးစိုက်ခင်းအနီးရှိ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူ စံပြပျိုးဥယျာဉ်၌ကျင်းပသော မန္တလေးတိုင်းအတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မန္တလေးတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြင်က မန္တလေးတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကေါ်းသိန်း ပြည့်မီအောင် စိုက်ပျိုးရေးအတွက် နှစ်အလိုက် စီမံချက်ချမှတ် အကောင်အထည်ဖော်သွားမည့် အစီအစဉ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မန္တလေးတိုင်းအတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာများဖြစ်သော တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ တိုင်းပညာရေးမှူးရုံး၊ ရှေးဟောင်းသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)၊ လူမှုရေးအသင်းအဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်ရာ ဒုတိယတရားသူကြီးချုပ် (မန္တလေး) ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် (မန္တလေး) ဦးဟန်ရှိန်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူဆီ အသုံးပြု၍ ကြက်ဆူစေ့ညှစ်စက်၊ ကြိတ်စက်၊ မီးဖို၊ မီးအိမ်၊ မီးခွက်များ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ပျိုးပင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ပြီး စွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက်၈နာရီခွဲတွင် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း မိုင်တိုင်အမှတ် ၂/၁ သို့ ရောက်ရှိကြပြီး ဒွေးလမ်းဖောက်လုပ်နေမှု၊ လမ်းအူကြောင်းနှင့် လမ်းပိုင်းအခြေအနေ၊နွေစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း မိုင်တိုင် ၆/၇နှင့် ၆/၈တို့၌ စက်ယန္တရားများဖြင့် မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် (မန္တလေး) အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က ဖို့မြေလုပ်ငန်းအနေဖြင့် လုပ်ငန်းတစ်ခုလုံး၏ ၂၄ ဒသမ ၃ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ကြောင်း၊ ယန္တရား၊ ယာဉ်အစီး၂၀ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြသည်။

ရွာဝင်တံတားလေးများဆောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကားလမ်းဖြတ်ရေပြွန်များ စနစ်တကျ ပိုက်များချ ဆောင်ရွက်ရန်နှင့် ရွာဝင်တံတားလေးများ ဆောက်လုပ်ရာတွင် ရေဆိုးမြောင်းများ ပိတ်လျှံမှုမဖြစ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းမိုင်တိုင်အမှတ် ၆/၈မှ ၉/၀ ကြား လမ်းမြေသားညှိ ဆောင်ရွက်ထားမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ရေလွှဲဥမင်လိုဏ်များ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ရေလွှဲခြင်း လုပ်ငန်းပြီးစီးမှု၊ တမံအတွင်း ကွန်ကရစ်သွန်းလောင်းမှု၊ ရေတားနံရံပြီးစီးမှု၊ ရေကာကွန်ကရစ်နံရံ အပိုင်း(၁)နှင့်(၂)ပြီးစီးမှု၊ ပင်မတမံတွင်း RCC ကွန်ကရစ် သွန်းလောင်းမည့် အစီအစဉ်၊ ဘိလပ်မြေ၊ ပိုဇိုလန်နှင့် ကျောက်များစုဆောင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ငယ်မြစ် (နမ္မတူမြစ်) ၏ လက်ယာဘက်ခြမ်းအမြင့်ပေ၄၃၃ပေ တမံပေါ်ရှိ ရှုခင်းသာမှ ချဉ်းကပ်ဥမင်လိုဏ် ဆောက်လုပ်နေမှု၊ ရေယူ အဆောက်အအုံ၊ တမံကွန်ကရစ် သွန်းလောင်းထားသည့် အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ခရိုင်ချင်းဆက်လမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်နှင့် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ဆုံရပ် ရွှေစာရံ မီးသွေးဖုတ်ကျေးရွာအနီး ဒုဋ္ဌဝတီမြစ်ကမ်းသို့ ရောက်ရှိပြီး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခရိုင်ချင်းဆက် လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာသို့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ရွှေစာရံ-ဖျောက်ဆိပ်ပင် - နောင်ခမ်း-သံရွာ လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ကတ္တရာလမ်းခင်းမှု အခြေအနေ၊ သစ်သားတံတားနှင့် ရေပြွန်များ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ဖျောက်ဆိပ်ပင်-နောင်ခမ်း လမ်းပိုင်းပေါ်ရှိ မြင်းတွင်းရွာအနီးသို့ မွန်းလွဲ ၁နာရီ၄၅မိနစ်တွင် ရောက်ရှိပြီး စက်ယန္တရားများဖြင့် လမ်းခင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ မွန်းလွဲ ၁နာရီ ၅၅မိနစ်တွင် သံရွာ-နောင်ခမ်းကျေးရွာ ဆက်သွယ်သည့် ဇော်ဂျီမြစ်ကူး နောင်ခမ်းတံတား (သံရွာ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဇော်ဂျီမြစ်ကူး နောင်ခမ်းတံတား(သံရွာ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း ဆရာတော်ကြီးများပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သောဘိတသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုလည်းကောင်း၊ ကမာကလူကျေးရွာ ဆရာတော် ဘဒ္ဒန္တဉာဏဝံသသည် မဟာသဒ္ဓမ္မ ဇောတိကဘွဲ့ကိုလည်းကောင်း နိုင်ငံတော်မှ ပူဇော်ခြင်းခံယူရရှိသည့်အတွက် ခရမ်းမြို့နယ်အသင်းမှ ပူဇော်ပွဲကို မတ်၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများတက်ရောက်ကြည်ညိုပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာသာယာယာရှိမည်။

အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာအေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲတွင် စက်မှုလုပ်ငန်းစီးပွားရေးနှင့် နည်းပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ပြောကြားစဉ်။
(သတင်းစဉ်)

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်အား ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌကဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ယမန်နေ့ည ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ဂုဏ်ပြုညစာ စားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုညစာ စားပွဲသို့ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အတူ အိန္ဒိယ သမ္မတနိုင်ငံ အစိုးရအဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက်ဧည့်သည်တော်အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က စက်မှုလုပ်ငန်းစီးပွားရေးနှင့် နည်းပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ပြောကြားသည်။

ပြန်လည်ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကင်ဆာဖောင်ဒေးရှင်းသို့ ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းသို့ ဆေးပစ္စည်းများလှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါမေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းရုံးခန်း၌ကျင်းပရာ မေတ္တာရိပ်မြုံကင်ဆာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက ဖောင်ဒေးရှင်း၏လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ငွေကျပ် တစ်ဆယ့်ငါးသိန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့က မေတ္တာရိပ်မြုံ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း**(အောက်ပုံ)**ထံ ပေးအပ်လှူဒါန်းကြပြီး မေတ္တာရိပ်မြုံကင်ဆာ ဖောင်ဒေးရှင်း၌ တက်ရောက်လျက်ရှိသော ကင်ဆာရောဂါလူနာများအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**

ဌာနဆိုင်ရာဘာသာရပ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဌာနဆိုင်ရာဘာသာရပ် သင်တန်း အမှတ်စဉ်(၁၇) ဆင်းပွဲအခမ်းအနားကို မတ်၁၀ ရက် နံနက် ၈ နာရီခွဲက ဗဟိုမီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ စစ်ရေးပြအခမ်းအနားဖြင့်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်**(အပေါ်ပုံ)**က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ် ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၇၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားဟောကြားမည်

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် အဘယာရာမကျောင်းတိုက်တွင် ဆရာတော် ဘဒ္ဒန္တ သောဘဏသည် ကြောင်းကျိုး ဒွယ ခွဲ၍ သစ္စာလေးပါး မြတ်တရားကို ဧပြီ ၄ ရက်မှ ၁၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်ရာ ဧပြီ ၄ ရက် ညနေ ၄ နာရီအရောက် စာရင်းပေးသွင်းရန်နှင့် ဖုန်း–၅၄၇၀၃၀၊ ၅၄၃၀၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၃၀၂)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်းဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၃၇) ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အလုပ်ခန့်အပ်လွှာပေး

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဌာနကြီးမှူး (သင်တန်းရေးရာ) ဦးဌေးလွင်က အလယ်တန်း ဆရာအတတ်သင်တန်းအမှတ်စဉ်(၁၅)နှင့် ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၃၇ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များက ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၃၇)ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၅) ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်း အမှာစကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ ၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင် နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်ကလည်း အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ စာအုပ်စာတမ်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အထူးလေယာဉ်လှေကားအထိ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးထပ်မံနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်သည်။

ထို့နောက် အထူးလေယာဉ်သည် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်၍ နံနက် ၁၁နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်မှ လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်တို့၏အားသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အားဟူ၍မှတ်ယူ အစိုးရမင်းများက မြတ်စွာဘုရားသာသနာတော်ကို ဘက်စုံထောက်ပံ့စုံ လိုလေသေးမရှိ ချီးမြှောက်ထောက်ပံ့နေ

အခွင့်ကောင်းကိုလက်မလွတ်အောင် သာသနာတော်ကိစ္စအဝဝတို့ကို ထက်ထက်သန်သန်ဆောင်ရွက်တော်မူ

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်၏ နိဂမနဩဝါဒကထာ-

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက်ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ ဘုရား။

ကောဇာသက္ကရာဇ် ၁၃၆၇ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ခရစ်နှစ် ၂၀၀၆ခုနှစ် မတ်လ ၉ရက်နေ့မှစ၍ ကျင်းပခဲ့သော ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးသည် ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၃ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် မတ်လ ၁၁ ရက် ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာ ပြည့်စုံစွာဖြင့် ဝမ်းသာရွှင်ပြုံး ပီတိဖုံးလျက် ပြီးဆုံး ထမြောက်ခဲ့ပါပြီ ဘုရား။

ဤအစည်းအဝေးကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၁၇) အပိုဒ်၁၂၀အရ တင်ပြအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၏ တစ်နှစ်တာ ဆောင်ရွက်ချက် အစီရင်ခံစာအပေါ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်အခန်း(၁၆) အပိုဒ်(၁၀၈) အပိုဒ်ခွဲ(၃)နှင့် အညီ အပြုသဘောဖြင့် ဝေဖန်ဆွေးနွေးအကြံပေးတော်မူကြပြီး အတည်ပြုပေးတော်မူကြသည့်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား နှစ်နှစ်ကာကာ ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထားပါသည်။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ ဘုရား- နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ သာသနာတော်၏ ကိစ္စအရပ်ရပ်ကို တာဝန်ယူလျက်ဆောင်ရွက်နေရသော အဖွဲ့ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကူအညီ အထောက်အပံ့ကိုများစွာ လိုအပ်ပါသည်ဘုရား။ သို့ဖြစ်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီး ကျင်းပသည့်အခါ၌ စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အကျိုးရှိရာရှိကြောင်း အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးခြင်းတို့ဖြင့် ကူညီတော်မူကြပါရန် လိုလိုလားလား လျှောက်ထားပါသည်ဘုရား။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တို့၏ အားသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အားဟူ၍ မှတ်ယူပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား- သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံး ညီညွတ်ရေးကိုဆောင်ရွက်ရာ၌ တပည့်တော်တို့ သံဃာတော်များချည်း ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှု ရှိနိုင်မည်မဟုတ်ပါ။ **"သာသနာတော် မည်သည် မင်းကိုမှီ၍ တည်တံ့ရ၏"** ဟူသော ရှေးဆရာတော် အရှင်မြတ်တို့၏အဆိုအမိန့်နှင့်အညီ နိုင်ငံတော် အစိုးရ မင်းတို့ကိုမှီရမှ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည် ဘုရား။

သာသနာတော်ဝယ် သင်္ဂါယနာ ခြောက်ကြိမ်တိုင် တင်ခဲ့ကြရာ၌ အများအားဖြင့် မင်းကို အမှီပြု၍ တင်ခဲ့ကြရပါသည်။ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် ပထမသင်္ဂါယနာတင်ရန် စီမံတော်မူကြရာ၌ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ် မင်းအား သင်္ဂါယနာတင်မည့် အကြောင်းကို မိန့်ကြားတော်မူကြရာ အဇာတသတ်မင်းက **"သာဓု ဘန္တေ ဝိဿဋ္ဌာ ကရောထ၊ မယှံအာဏာစက္ကံ တုမှာကဉ္စ ဓမ္မစက္ကံ ဟောတု"** = "ကောင်းပါပြီ အရှင်ဘုရားတို့ ရဲရဲဝံ့ဝံ့သာ သင်္ဂါယနာ တင်တော်မူပါ။ တပည့်တော်က အာဏာစက်ဖြင့် ကူညီပါ့မည်။ အရှင်ဘုရားတို့က ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြပါ"ဟု လျှောက်ထားပါသည်။ ထို့ကြောင့် အဇာတသတ်မင်းကို အမှီပြု၍ ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

ထို့အတူ ဒုတိယသင်္ဂါယနာကို ဝေသာလီပြည် ကာလာသောကမင်းကိုအမှီပြု၍လည်းကောင်း၊ တတိယသင်္ဂါယနာကို ပါဋလိပုတ်ပြည် အသောကမင်းကို အမှီပြု၍လည်းကောင်း တင်တော်မူခဲ့ကြရပါသည်။ စတုတ္ထသင်္ဂါယနာကိုကား သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်၌ သံဃာတော်၅၀၀တို့ ပေထက်အက္ခရာတင်တော်မူခဲ့ကြရပါသည်။ ဝဋ္ဋဂါမဏိမင်း လက်ထက်ဖြစ်သော်လည်း မင်းကို အမှီပြုသည်ဟုကား ကျမ်းဂန်တို့၌မဆိုပါ။ သီဟိုဠ်ကျွန်း၌ ဂိုဏ်းကြီး သုံးဂိုဏ်းကွဲပြား၍ သာသနာရေးရှုပ်ထွေးနေသည်ကို ပုလိတ္ထိမြို့ ပရက္ကမဗာဟုမင်းကို အမှီပြု၍ ဒိမ္ဗုလာဂလ အရှင်မဟာကဿပအမှူးရှိသော မဟာထေရ်တို့ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေ၍ ဂိုဏ်းကြီး သုံးဂိုဏ်းကို တစ်ဂိုဏ်းတည်း ဖြစ်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

တပည့်တော်တို့ မြန်မာပြည်၌လည်း ပဋ္ဌမသင်္ဂါယနာကို ရတနာပုံနေပြည်တော် မင်းတုန်းမင်းတရားကြီးကို အမှီပြု၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာကို ရန်ကုန်နေပြည်တော် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမင်းတို့ကို အမှီပြု၍ လည်းကောင်း တင်တော်မူခဲ့ကြရပါသည်။

ကောဇာသက္ကရာဇ်၁၃၄၂ခုနှစ်၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုဆောင်ရွက်ရာ၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမင်းတို့ကိုပင်အမှီပြု၍ ဆောင်ရွက်ခဲ့ကြရပါသည်။ ဤသည်မှာ မင်းကို အမှီပြု၍ သာသနာရေး ကိစ္စများကို ဆောင်ရွက်ကြရပုံ ဖြစ်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား- ယခုအချိန်အခါသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီ အစိုးရမင်းတို့က မြတ်စွာဘုရားသာသနာတော်ကို ဘက်စုံထောက်ပံ့စုံမှ လိုလေသေးမရှိရအောင် ကူညီချီးမြှောက် ထောက်ပံ့နေသော ရနိုင်ခဲသည့် အခွင့်ကောင်းကို ရရှိနေသော အချိန်ကောင်းအခါကောင်းဖြစ်ပါသည်။ ဤသို့ ရနိုင်ခဲသည့် အခွင့်ကောင်းကိုရရှိနေခိုက် **"မာ ဝေါ ခဏံ ဝိရာဓေထ"**ဟူသော ဒေသနာတော်အရ အခွင့်ကောင်းကို လက်မလွတ်အောင် သာသနာတော်ကိစ္စအဝဝတို့ကို ထက်ထက်သန်သန် ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်ဘုရား။

နိဂုံးချုပ် လျှောက်ထားလိုသည်မှာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြုဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဆောင်ရွက်ဖွယ်ကိစ္စဟူသမျှကို မလစ်ဟင်းအောင် ကြိုးပမ်းဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များ၊ ဤအစည်းအဝေးကြီး အောင်မြင်အောင် စီစဉ်ဆောင်ရွက်ပေးကြသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမှုထမ်း အရာထမ်းများ၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဆွမ်းကွမ်းကိစ္စ စသည်တို့ကိုဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမများအားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်၍ ဤအစည်းအဝေးကြီး ပြီးမြောက်အောင်မြင်အောင် အဘက်ဘက်မှ ဆောင်ရွက်ကြသည့် ရဟန်းရှင်လူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်ကို ဆတက်ထမ်းပိုး တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ မိမိတို့ ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် အမတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်း ဝင်ရောက် နိုင်ကြပါစေဟု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်စား ဆုတောင်းပတ္ထနာပြုလိုက်ပါသတည်း။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ခဲ့ပြီး ပြန်လည် ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် သံရုံးအဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မူလတန်းကြိုကျောင်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲ

ရန်ကုန် မတ် ၁၁

၂၀၀၆ ခုနှစ် ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနအမှတ်(၄) မူလတန်းကြိုကျောင်းခန်းမ၌ကျင်းပသည်။

ထို့နောက် ၂၀၀၆ခုနှစ် ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသည့် မူကြိုရင်သွေးငယ်များနှင့် တံခွန်စိုက်ဆုရရှိသော မူလတန်းကြိုကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။ ဆက်လက်၍ အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်ရာအလှူရှင် United Pharma Co., Ltd. က ငွေ ၃၁၁၃၅၅ကျပ် တန်ဖိုးရှိ ကလေးကစားစရာ ပစ္စည်းများ၊ ဦးမောင်မောင်၊ ဦးမောင်မောင်စိန်နှင့်ညီများ (ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေး)က အလှူငွေ ကျပ်သုံးသိန်း၊ သီရိသုဓမ္မသီဂီ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)က အလှူငွေကျပ်သုံးသိန်းနှင့် ကျန်အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၂၂၆၈၅၀၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၀၆ရက်
(တနင်္ဂနွေနေ့)
၁၃၆၇ခုနှစ်
တပေါင်းလဆန်း ၁၄ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ လမူးတံတား
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂း၀၅ ၅။ သွင်းကုန်အစားထိုး စက်မှုရုပ်ကွက် (မူဆယ်)
၁၂း၁၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"မေတ္တာပြိုင်ပွဲ"** နေထက်လင်း၊မြသဉ္ဇာလီ (ဒါရိုက်တာ-ဒယ်နီ)
၁၄း၀၀ ၇။ အကပြိုင်ပွဲ
၁၄း၁၅ ၈။ **"သတိတစ်ချက်တစ်သက်အမှား"**(ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊နန်းကလျာလှိုင်၊သကြိုန်အောင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄း၂၅ ၉။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၀။ လဝွမ်းပြင်ရေလှောင်တမံ
၁၄း၄၅ ၁၁။ International News.
၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Yse.
၁၆း၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ခုနှစ်)
၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၇း၂၀ ၈။ တေးဂီတအစီအစဉ်
၁၇း၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ အဆိုပြိုင်ပွဲ
၁၈း၄၅ ၁၃။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၀၀ ၁၄။ အကပြိုင်ပွဲ
၁၉း၁၅ ၁၅။ တေးဂီတအစီအစဉ်
၁၉း၃၀ ၁၆။ အတီးပြိုင်ပွဲ
၁၉း၄၀ ၁၇။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၃၀)
၂၂။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ **"ရွှေဦးဆောင်းနှောင်းလတပေါင်း"** (အပိုင်း-၁)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

အစားအစာနှင့် ဓာတုပစ္စည်းအန္တရာယ်

တင်လှိုင် (ကျန်းမာ)

ယနေ့ခေတ်သည် အစစအရာရာ ဖွံ့ဖြိုးတိုးတက်နေသည်။ ထို့အတူ လူဦးရေသည်လည်း တိုးပွားများပြားနေသည်။ များပြားလာသည့်လူဦးရေ၏ လိုအပ်ချက်များ ပြည့်မီရန်အတွက် လူသားတို့သည် အမြဲတီထွင်ကြံဆ လုပ်ဆောင်နေရသည်။ စားရေးသောက်ရေး လုံလောက်စေရန်အတွက် သမားရိုးကျ စိုက်ပျိုးမွေးမြူရေးမှသည် ခေတ်မီစိုက်ပျိုးမွေးမြူရေးသို့ ဖန်တီးလုပ်ကိုင်လာကြသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ သားငါး၊ နို့၊ ဥစား မွေးမြူရေး လုပ်ငန်းများတွင် ပုံ့ပိုးပစ္စည်းများ သုံးလာကြသည်။

သဘာဝစိုက်ပျိုးမွေးမြူရေးထက် အထွက်တိုးပိုမိုစေရန်၊ မြန်မြန် ကြီးထွားစေရန်၊ အထားအသိုတာရှည်ခံစေရန်အတွက် ဓာတုဗေဒပစ္စည်း များကို အားထားသုံးစွဲလာကြသည်။ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ကြီးထွားဆေး၊ ဓာတ်မြေသြဇာ စသည်တို့ဖြစ်သည်။ ယင်းတို့သုံးစွဲ၍ အထွက်တိုးစေပါ၏။ ကြီးထွားစေပါ၏။ သို့ရာတွင် မြန်မာ့ဆိုရိုးစကားရှိသည်၊ "တန်ဆေး၊ လွန်ဘေး"ဖြစ်သည်။ ယနေ့ ချိန်ခါ၌ အချို့မှာ သဘာဝမဟုတ်သည့် ဓာတုပစ္စည်းမျိုးစုံကို စည်းကမ်း တကျမရှိ၊ အတိုင်းအဆမရှိ သုံးစွဲနေကြသည်။ သုံးစွဲနည်းမှန်ကန်မှုမရှိလျှင် ဘေးအန္တရာယ် ကြီးမားလှသည်။ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလို ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း၃၀ခန့်က ကျွန်တော်သည် ရေဇင်းဆည် တည်ဆောက်ရေးတွင် ကျန်းမာရေးမှူးတာဝန် ထမ်းဆောင်နေရသည်။ ရေဇင်းတစ်ဝိုက်တွင် စပါး၊ ကြံ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုး ကြသည်။ တစ်နေ့တွင် ဇနီးဖြစ်သူက ကန်စွန်းရွက်ဝယ်လာသည်။ လူကြီးစာအပြင် ကလေးအတွက်ပါ စီစဉ်သည်။ သားငယ် အသက် ကိုးလသားအတွက် ဖြည့်စွက်စာအဖြစ် ငါးပြုတ်၊ ပဲနှင့် ကန်စွန်းရွက်ကို ရောနှောစီစဉ် ကျွေးလိုက်သည်။ တစ်နာရီလောက်အကြာတွင် သားငယ်လေး အန်တော့သည်။ ဗိုက်ကလည်း နာလာသည်။ ဆေးလူး ဆေးတိုက်ဆဲ မှာပင် ဝမ်းသွားတော့သည်။ ဆက်တိုက်အန်လိုက်၊ ဝမ်းသွားလိုက်နှင့် ပိုမိုဆိုးရွားလာသဖြင့် ပျဉ်းမနားဆေးရုံ ပို့ရသည်။ ဆေးရုံတွင် ဒေါက်တာ ဦးတင်ဝင်းနှင့်အဖွဲ့က မနေမနား ကုသပေးကြပြီး အန်ဖတ်ကို ဓာတ်ခွဲ စစ်ဆေးခဲ့ရာ ပိုးသတ်ဆေး အင်ဒရင်းကို တွေ့ရှိရသည်။ ကန်စွန်းခင်းကို ပိုးမကျရန် ဆေးဖျန်းပြီး နှစ်ပတ်ခန့် မစောင့်ဘဲ စောစောရောင်းချသည့် အတွက် နုနယ်သည့် ကလေးငယ် ခံနိုင်ရည်မရှိသဖြင့် ဒုက္ခတွေ့ရခြင်းဖြစ် သည်။ ကန်စွန်းရွက်ကို အထပ်ထပ် ဆေးကြောခဲ့၍သာ ဤမျှနှင့် ပြီးတော့သည်။

စာတွေ့အဖြစ်အပျက်ကလေး တစ်ခုကိုလည်း ထပ်မံတင်ပြပါဦးမည်။ အမေရိကန်သားလေး ဘီလီကော်ဒိုဘာ ရှစ်နှစ်အား မိခင်ဖြစ်သူက မွေးနေ့လက်ဆောင်အဖြစ် ဂျင်းဘောင်းဘီ ငါးထည် ဝယ်ပေးသည်။ ဘီလီက ဂျင်းဘောင်းဘီ ကြိုက်သည်။ မိခင်ဝယ်ပေး သည့်နေ့မှစ၍ မချွတ်တမ်းထည်လဲဝတ်သည်။ ဂျင်းဘောင်းဘီဝတ်စက ဘီလီမျက်နှာ ပြုံးရွှင်နေသည်။ နောက်ပိုင်းတွင် ဘီလီမျက်နှာမရွှင်၊ အသားအရေက ဖြူဖပ် ဖြူရော်ဖြစ်လာသည်။ ခေါင်းမူးလိုက်၊ ခေါင်းကိုက်လိုက်၊ ဗိုက်နာလိုက် ဖြစ်လာသည်။ အသွားအလာ လေးလံနှေးကွေးလာသည်။ ဘီလီ၏ အရိပ်အခြေကို ဂရုစိုက်စောင့်ကြည့်နေစဉ် ဘီလီသည် သွားရည်မကျစဖူး ကျလာသည်။ အသက်ရှူမြန်ပြီး အဖျားဝင်လာသည်။ မိသားစုဆရာဝန် ဒေါက်တာ ရောဘတ်လန်းဖို့ထံ သွားပြရတော့သည်။ မိသားစုဆရာဝန်က ကြိုးစား ကုသပေးသော်လည်း သက်သာမလာ။ နောက်ဆုံးတွင် ကလေးအထူးကု ပါရဂူ ဒေါက်တာဂျွန်ပီ ကွန်းရက် ဂျူနီယာထံ လွှဲအပ်ပေးလိုက်သည်။

မိသားစုဆရာဝန်၏ ဆေးမှတ်တမ်း၊ လူနာ၏ ရောဂါလက္ခဏာ များကို အခြေတည်ပြီး ပါရဂူကြီးက အသေးစိတ်စစ်ဆေး၍ တွေ့ရှိရသည် မှာ ဘီလီ၏ဂျင်းဘောင်းဘီမှာ အထည်သစ်များ စျေးလျှော့ချရောင်းသည့် ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး စတိုးဆိုင်သို့ ဂျင်းဘောင်းဘီ သယ်ယူစဉ်က ပိုးသတ်ဆေးစည်များနှင့် ရောသယ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဆေးစည်မှ ပိုးသတ်ဆေးစိမ့်ထွက် စွန်းပေသွားသည့်အတွက် ဘောင်းဘီများ ပေကျန် ကုန်ခြင်း ဖြစ်သည်။ ကံကောင်းထောက်မ၍ ဘီလီလေး အသက် မသေခြင်းဖြစ်သည်။

နိုင်ငံတကာတွင် ဓာတုဗေဒပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးအတွက် အသုံးများသည်။ ပိုးသတ်ဆေးအဖြစ် ဩဂနိုကလိုရင်းအုပ်စုဝင် အင်ဒရင်း(Endrin)၊ အော်ဒရင်း(Aldrin)၊ လင်ဒိန်း(Lindane)၊ ဒိုင်ဒရင်း(Dieldrin)၊ ဒီဒီတီ(DDT)ဆေးများသုံးနေကြသည်။ ထို့အပြင် ဩဂနိုဖော့(စ်) ပရပ် (Organo Phospho Rus)အုပ်စုဝင် ဖင်နီထရိုသီယွန် (Fani Trothion)၊ မာလသီယွန်(Malathion)၊ ဖင်သီယွန် (Fanthion)၊ ဖော့(စ်)မက် (Phosmet)စသည့် ပိုးသတ်ဆေးများ သုံးစွဲနေကြသည်။ ပေါင်းသတ်၊ ခြ၊ ပုရွက်၊ ကြွက်သတ်ဆေးများ အနေနှင့်လည်း ပါရာကွက် (Paraquat)၊ အာဆင်းနစ်ထရိုင်အောက်ဆိုက် (Arsenic Trioxide)စသည့်ဆေးများသုံးနေသည်။ ဓာတ်မြေသြဇာအဖြစ် ယူရီးယား၊ တီစူပါကြီးထွားဆေး၊ ဟော်မုန်းများစွာကိုလည်း သုံးစွဲနေကြသည်။

ဓာတုဗေဒပစ္စည်းများ ဖြစ်ကြသည့် ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေး ဓာတ်မြေသြဇာအမျိုးမျိုး၊ ကြီးထွားဆေး အမျိုးမျိုး တို့သည် လူ့ကိုယ်ခန္ဓာတွင်းသို့ ခံနိုင်ရည်ရှိသည်ထက် ပိုမို ဝင်ရောက် သွားပါက ဦးနှောက်၊ အာရုံကြော၊ အသည်း၊ ကျောက်ကပ်၊ နှလုံး၊ အရေပြားတို့ကို ချက်ချင်းပျက်စီးစေသည်။ နိုင်ငံတကာတွင်မူ ဓာတုဗေဒ ပစ္စည်းနှင့်ကင်းစင်သည့် အစားအစာဆို၍ မရှိသလောက် ရှားပါးနေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင်မူ ဓာတုဗေဒပစ္စည်းကင်း စင်သော အစားအစာများကို ဦးစားပေးစားသောက်နေကြသည်။

ယနေ့ မြန်မာ့လူမှုတွင် အသီးအရွက်ဆို သန်သန်ထွားထွား၊ အရောင်အဆင်းဆို တောက်တောက်ပြောင်ပြောင် ကြိုက်နှစ်သက်ကြသည်။ ဥပမာ–မျှစ်၊ ငရုတ်သီး၊ နန္ဒင်းမှုန့်ဆိုပါစို့ မျှစ်၏ ပင်ကိုအရောင်က နီကျင်ကျင်၊ ဝါတာတာဖြစ်သည်။ စားသုံးသူက အရောင်ဖျော့သည်ကို မကြိုက်၊ နီရဲနေမှ၊ ဝါဝင်းနေမှကြိုက်သည်။ ဒီတော့ စျေးသည်က ချည်ဆိုးဆေးနီနီ၊ ဝါဝါဆိုးပေးလိုက်သည်။ ငရုတ်သီးမှုန့်၊ နန္ဒင်းမှုန့်လည်း ထိုနည်းတူစွာပင်၊ အရောင်ရဲရဲ၊ ဝါဝါ ဖြစ်ကုန်တော့သည်။

အသီးအနှံဆိုလည်း ဓာတုပစ္စည်းပေါင်းစုံဖြင့် စိုက်ပျိုးပြင်ဆင်ထား သည့် ထွားထွားကြိုင်းကြိုင်း အသီးအနှံများကို ကြိုက်သည်။ တလောက စျေးသို့ရောက်စဉ် သစ်သီးဆိုင်တွင် သင်္ဘောသီးအလုံးထွားထွား တွေ့ရ သည် စိမ်းနေသေးသည့်အတွက် ကိုင်ကြည့်ပြီးမှ ပြန်ချလိုက်သည်တွင် ဆိုင်ရှင်က ဤသို့ ပြောပါသည်။

"သင်္ဘောသီးကို စိမ်းတယ်ထင်လို့လား၊ ညနေဆို ဝင်းဝါသွား မှာပါ။ နေ့လယ်စားလဲ ရပါတယ်" ဟုဆိုကာ ပုလင်းလေးတစ်လုံး ထဲမှ ဆေးရည်ကို တုတ်တံဖြင့်ဆွတ်ပြီး သင်္ဘောသီးကို သုံးလေးနေရာ တို့၍–

"ဒီဆေးက စေလိုရာဆေးရှင့်၊ ချက်ချင်းမှည့်တာ။ သရက်သီး၊ သခွားသီး၊ ဖရဲသီးတို့ကိုလဲ ဒီလိုတို့လိုက်ရင် ချက်ချင်းဝင်းမှည့်တော့ တာပဲ"

ယခင်က ကြားဖူးရုံသာ ကြားဖူးသည်။ ယခုမှ လက်တွေ့မို့ ယုံပါပြီ။ သင်္ဘောသီးကို မဝယ်တော့ဘဲ မုန်လာဥ နုနုထွားထွား ဖြူဖြူ ဖွေးဖွေး၊ ပဲတောင့်ရှည်ပွပွ ဝယ်ယူ၍ ပြန်လာခဲ့သည်။ အိမ်တွင် နယ်မှ တူမများ ရောက်နေကြသည်။

"အတော်ပဲပေါ့၊ ငါ့တူမတွေလာလည်ကြတယ်။ ပဲတောင့်ရှည်သီးထဲ ဝက်သားအဆာသွတ်နှပ်၊ မုန်လာဥပြုတ်တို့နဲ့ ကျွေးမယ်ဟေ့"

"ဘဘ–ဒီမုန်လာဥ၊ ပဲတောင့်ရှည်တွေက ဓာတ်မြေသြဇာနဲ့ ကြီးထွားတာ"

"ဟုတ်တာပေါ့၊ ကြီးထွားအောင် ယူရီးယား၊ တီစူပါဓာတ်မြေသြဇာ တွေ သုံးစွဲစိုက်ပျိုးထားမှာပေါ့"

"အဲဒါပြောတာမဟုတ်ဘူး ဘဘ"

"နင်တို့ဟာ ရှုပ်ကုန်ပြီ"

"မရှုပ်ပါဘူး၊ ရှင်းရှင်းလေးပါ၊ မုန်လာဥပဲဖြစ်ဖြစ်၊ ပဲတောင့်ရှည်ပဲ ဖြစ်ဖြစ် သေးသေးကွေးကွေးကို တစ်ညအိပ်နဲ့ ကြီးထွားအောင် လုပ်လို့ ရတယ်"

မုန်လာဥ၊ ပဲတောင့်ရှည်၊ ပဲသီးတွေကို မနက်စျေးထဲ ရောင်းတော့မယ်ဆိုရင် ယူရီးယား ဓာတ်မြေသြဇာရည် ဆွတ်ထားတဲ့ ဂုန်နီအိတ်နဲ့ ပတ်ထုပ်ထားတယ်။ ပြီးတော့ တစ်ညသိပ်လိုက်ရင် မနက် ရောက်တာနဲ့ နှစ်ဆတိုးပြီး ထွားကြိုင်းသွားတယ်။

ကျွန်တော် အံ့သြနေစဉ် တူမက ဆက်ပြောပါသည်။

"မုန်လာဥ၊ ပဲတောင့်ရှည်၊ ပဲသီးတွေကို မနက်စျေးထဲရောင်းတော့ မယ်ဆိုရင် ယူရီးယားဓာတ်မြေသြဇာရည်ဆွတ်ထားတဲ့ ဂုန်နီအိတ်နဲ့ ပတ်ထုပ်ထားတယ်။ ပြီးတော့ တစ်ညသိပ်လိုက်ရင် မနက်ရောက်တာနဲ့ နှစ်ဆတိုးပြီး ထွားကြိုင်းသွားတယ်။ အဲဒါ လုပ်ရောင်းနေတဲ့ စျေးသည် ပြောလို့ သိရတယ်"

"ကျွန်တော်တော့ အံ့သြပြီးရင်း အံ့သြနေသည်။ ဓာတ်မြေသြဇာ ဆိုသည်မှာ နိုက်ထရိုဂျင်ဓာတ်ပေါင်းဖြစ်သည်။ မီးစုန်းဓာတ်၊ ဆိုဒီယံ၊ ပိုတက်စီယံ၊ မဂ္ဂနီတို့လည်းပါဝင်သည်။ အမိုးနီးယားဓာတ်ပေါင်းများ လည်း ပါဝင်သည်။ ဓာတ်မြေသြဇာဓာတ်များသည် မုန်လာဥ၊ ပဲတောင့်ရှည် သီးအတွင်း စိမ့်ဝင်သွားတော့သည်။ စားသုံးမိသည်နှင့် ထိုဓာတ်မြေသြဇာများ ခန္ဓာကိုယ်တွင်း ရောက်သွားတော့သည်။ နိုက်ထရိုဂျင်ဓာတ်အုပ်စုတွင် အမိုးနီးယား ပါဝင်သည်။ ခန္ဓာကိုယ်ကို အဆိပ်ဖြစ်စေသည့်အတွက် နေ့စဉ်ဆီးမှ စွန့်ပစ်ကြရသည်။ ဆီးနံ့နံစော်ခြင်းသည် အမိုးနီးယား ဓာတ်ကြောင့် ဖြစ်သည်။ ဓာတ်မြေသြဇာများ ကိုယ်တွင်းသို့ တိုက်ရိုက် ရောက်စေခြင်း ကြောင့် ဦးနှောက်၊ အစာအိမ်၊ အသည်း၊ ကျောက်ကပ် ပျက်မည်မှာ သေချာပါသည်။

ဤလုပ်ရပ်များကို ရပ်တန့်အောင် လုပ်ကြရပါမည်။ ပြုပြင်ရောင်းချ ခြင်းကို စစ်ဆေးတားမြစ်မှုပြုလုပ်သင့်သည်။ မသမာသူအချို့ကို ရှာဖွေ စစ်ဆေးရန်မှာ ခက်ခဲပါလိမ့်မည်။ ဤတွင် အကြံတစ်ခု တင်ပြလိုသည်။ **စျေးရောင်းသူသည် ဝယ်ယူသူ၏ ဝယ်လိုအားပေါ်မူတည် ရောင်းချနေ ကြခြင်းဖြစ်သည်။ စားသုံးသူ အကြိုက် ရောင်းသူက လိုက်ရောင်းသည်။ စားသုံးသူက ပိုးသတ်ဆေး၊ ဓာတ်မြေ သြဇာတွေပါသည့် အစားအစာ သီးနှံတွေစားခြင်းသည် အဆိပ်စားခြင်း ဖြစ်သည်ဟု သဘောပေါက်ကြပြီး ရှောင်ရှားမည်၊ လက်မခံ ပယ်မည်ဆိုလျှင် ရောင်းချ သူများက ရောင်းကြ တော့မည်မဟုတ်။** ထို့အတွက် ပြည်သူတစ်ရပ်လုံး သဘောပေါက် နားလည်ပြီး ရှောင်ကြဉ်နိုင်ရန် သတိပေး ရေးသားတင်ပြ လိုက်ရပါ သည်။ ။

စျေးရောင်းသူသည် ဝယ်ယူသူ၏ ဝယ်လိုအားပေါ်မူတည် ရောင်းချနေကြခြင်းဖြစ်သည်။ စားသုံးသူအကြိုက် ရောင်းသူက လိုက်ရောင်းသည်။ စားသုံးသူက ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတွေ ပါသည့် အစားအစာ သီးနှံတွေစားခြင်းသည် အဆိပ်စားခြင်းဖြစ်သည်ဟု သဘောပေါက်ကြပြီး ရှောင်ရှားမည်၊ လက်မခံ ပယ်မည်ဆိုလျှင် ရောင်းချသူများက ရောင်းကြတော့မည်မဟုတ်။

အမှတ်(၃) ကုန်သေတ္တာတံတား ကုန်ပစ္စည်းများထားရှိမှု ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မတ် ၉ရက် ညနေ ၃နာရီက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် တာဝန်ရှိသူများနှင့်အတူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားရှိ ဂျာမနီနိုင်ငံမှ မှာယူတပ်ဆင်ထားသည့် ကုန်သေတ္တာစစ်ဆေးသည့် X-Ray စက်များ တပ်ဆင်အသုံးပြုနေမှု အခြေအနေ၊ ကုန်ပစ္စည်းများနှင့် ကုန်သေတ္တာများထားရှိမှု၊ ပို့ကုန် သွင်းကုန်များ စစ်ဆေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ရှင်လင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာစက်မှုဆိပ်ကမ်း (MIP)သို့ရောက်ရှိရာ တာဝန်ရှိသူများက စက်မှုဆိပ်ကမ်းနှင့်ပတ်သက်ပြီး ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကုန်သေတ္တာများထားရှိမှု၊ ပို့ကုန်သွင်းကုန်များ စစ်ဆေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ မြန်မာ့စက်မှုဆိပ်ကမ်း၏ လက်ရှိဖွံ့စည်းဆောင်ရွက်လုပ်ဆောင်နေမှုတို့ကို ဦးကိုကိုထူးက မြေပုံကားချပ်များ၊ ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်ကုန်များမိတ်ဆက်ပွဲနှင့် ဆေးပညာဆွေးနွေးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်ကုန်များ မိတ်ဆက်ပွဲနှင့် ဆေးပညာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammed Khariuzzaman က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Joint Secretary, Mr. Md. Ghulam Hussain နှင့် ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာ S.M. Shafiuzzaman တို့က အမှာစကား ပြောကြားကြသည်။

အဖွင့်အမှာစကားပြောကြား

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် သံအမတ်ကြီး H.E.Mr. Mohammed Khariuzzaman တို့က ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်ကုန်များ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး၊ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် ခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသောပြပွဲကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်ကုန်များ ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မန္တလေးအသင်း ဂုဏ်ပူဇော်သဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၁

နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (အနောက်) ခင်မကန်တိုက် စည်သာကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ၊ ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တ သုဇနဝိယ၊ မဟာအောင်မြေမြို့နယ် ကင်းဝန်မင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဇီရာဝုဓ၊ ရန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဩဘာတသိရီဘိဝံသတို့အား မန္တလေးအသင်း(ရန်ကုန်)က မတ် ၁၅ရက် နံနက် ၉နာရီတွင် ပန်းဘဲတန်းအသင်းတိုက် ရတနာပုံခန်းမဆောင်ကြီး၌ ဂုဏ်ပူဇော်သဘင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

နိုးဆော်ထား

မန္တလေးအသင်းဝင်များ၊ မန္တလေးအနွယ်ဝင် သံယောဇဉ်ရှိသူများ လာရောက်ကြည်ညိုပူဇော်ပါရန်နှင့် လှူဖွယ်ပစ္စည်း၊ အလှူငွေများကို အသင်းတိုက် ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိုးဆော်ထားသည်။ **(က-ပ)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချခဲ့သောစာသားတို ပေးပို့ခြင်းသင်တန်း၊ ရေဒီယိုအော်ပရေတာသင်တန်း၊ စာပို့လုလင်သင်တန်း၊ ကွန်ပျူတာ သတင်းအချက်အလက်ပုံစံသင်တန်း၊ ဆက်သွယ်ရေး နည်းပညာသစ်များ သင်တန်း ဆင်းပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကား ပြောကြားစဉ်။
(ဆက်သွယ်ရေး)



ခွဲဝေပေး

မတ် ၁၀ရက်က ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမည့် သမဝါယမအသင်းများသို့ ကြက်ဆူပျိုးပင်များ ဖြန့်ဖြူး ခွဲဝေပေးအပ်ပွဲကို လှည်းကူးမြို့နယ် ငါးဆူတောင်စိုက်ပျိုးရေးသမဝါယမအသင်း စိုက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် အသင်းစုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)တို့က ပျိုးပင်များကို မြို့နယ်အသင်းစု ဥက္ကဋ္ဌများသို့ ခွဲဝေပေးစဉ်။
(က-ပ)

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်ထား

ရန်ကုန် မတ် ၁၁

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ၁၃ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၀)နှင့်(၁၁)အကြားမှ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ်အသား ပြသထားသည်။

ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏တစ်ဖက်တစ်ချက်တွင်၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင် နှစ်ခုအကြားမှဖြတ်သန်းရာတွင် ယှဉ်ပြိုင်မောင်းနှင်ခြင်းမပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်နှင့် တွဲရေယာဉ်များနှစ်စီးတွဲမောင်းနှင်ခြင်းမပြုဘဲ တစ်တွဲခြင်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေးဆိုင်ရာ သင်တန်းများ ဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြား

ရန်ကုန် မတ် ၁၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချခဲ့သော စာသားတိုပေးပို့ခြင်းသင်တန်း၊ ရေဒီယိုအော်ပရေတာသင်တန်း၊ စာပို့လုလင် သင်တန်း၊ ကွန်ပျူတာ သတင်းအချက်အလက်ပုံစံသင်တန်း၊ ဆက်သွယ်ရေး နည်းပညာသစ်များ သင်တန်းများ ဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပရာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကြေးနန်း ဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်း ဆရာ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သင်တန်း တစ်ခုချင်းအလိုက် သင်တန်းသားကိုယ်စားလှယ်တစ်ဦးစီအား သင်တန်းဆင်းအောင်လက်မှတ်များကို လည်းကောင်း၊ သင်တန်းအလိုက် ပထမနှင့် ဒုတိယ ရရှိသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံကြည့်ရှုစစ်ဆေး ဝန်ထမ်းများလုံခြုံရေးသတိ၊ လုံခြုံရေးအသိရှိရှိ ပူးပေါင်းဆောင်ရွက် ပြုပြင်ရန်လိုအပ်သည့်အပိုင်းများ ကျွမ်းကျင်သူများဖြင့် ညှိနှိုင်းတွက်ချက်စီစဉ်

ရန်ကုန် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မတ် ၁၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စက်ရုံညှော်ခန်းမ၌ စက်ရုံမှူး ဦးလှိုင်ဝင်းခေါင်က ပုံနှိပ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်ရုံရှိ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးသတိ၊ လုံခြုံရေးအသိရှိရှိဖြင့် လုံခြုံရေးစနစ်ကို ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေးဆောင်ရွက်နေမှုများကို တာဝန်ရှိသူ အဆင့်ဆင့်တို့က ကြပ်မတ်စစ်ဆေးဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးအတွက် အရေးပေါ်မီးငြိမ်းသတ် ကိရိယာများ၊ မီးသတ်ရေကန်များ စီစဉ်ထားရှိခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်း ပုံနှိပ်စက်များ လုပ်ငန်းဆောင်ရွက်နေမှုနှင့်သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအဆောက်အအုံ၏ ပြန်လည်ပြုပြင်မွမ်းမံရန်လိုအပ်သည့် အပိုင်းများကို ပြုပြင်မွမ်းမံရန်အတွက် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းတွက်ချက်၍ ဆောင်ရွက်သွားရေး၊ ပြန်လည်ပြုပြင်နိုင်သည့်စက်ပစ္စည်းအစိတ်အပိုင်းများကို ပြုပြင်နိုင်ရေးစီစဉ်ဆောင်ရွက်ရေး၊ အသုံးပြု၍မရတော့သည့် စက်ပစ္စည်း အစိတ်အပိုင်းအဟောင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ညနေပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုက်ဂါးမြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၆ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့၁၈ကျင်း ပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ Mr. Victor Sech (Commercial Manager, Myanmar Brewery Ltd.) က ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆုရရှိကြသူများဖြစ်ကြသော ပထမနေ့၁၈ကျင်း ပြိုင်ပွဲ၌ နိုင်နိုင်လင်းက အချက်၇၀ နှင့် ဒုတိယနေ့ ၁၈ကျင်း ပြိုင်ပွဲ၌လည်း နိုင်နိုင်လင်းက အချက် ၇၀၊ ဘိုဘိုက တတိယနေ့(၁၈)ကျင်း ပြိုင်ပွဲနှင့် စတုတ္ထနေ့(၁၈) ကျင်း ပြိုင်ပွဲများ၌ ၇၁ချက်စီတို့အား ဆုကြေးငွေကျပ်၁၅၀၀၀စီကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း) (Deputy General Manager, Myanmar Bewery Ltd.)က ပြိုင်ပွဲတွင် အဆင့် ၁၀ မှ ခုနစ်အဆင့် ချိတ်နိုင်ခဲ့ကြသော အပျော်တမ်း ဂေါက်သီးရိုက် သမားများအားလည်းကောင်း၊ Mr. David Teng (General Manager, Myanmar Brewery Ltd.)က ပြိုင်ပွဲတွင် ဆဋ္ဌမအဆင့်မှ စတုတ္ထအဆင့်အထိ ချိတ်နိုင်ခဲ့ကြသော အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း သတ်မှတ်ထားသော ဆုကြေးငွေကျပ်များကိုပေးအပ်ချီးမြှင့်ကြသည်။

ဆုဖလားပေးအပ်

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလှိုင်(ငြိမ်း)က ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက်၃၀၃ချက်ဖြင့် တတိယရရှိသော အောင်ဝင်းအား ဆုကြေးငွေကျပ် ၃၅၀၀၀၀နှင့် ဆုဖလားကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက်၂၉၄ ချက်ဖြင့် ဒုတိယရရှိသော ဘိုဘိုအား ဆုကြေးငွေကျပ် ၄၀၀၀၀၀နှင့် ဆုဖလားကိုလည်းကောင်း၊ စုစုပေါင်း ရိုက်ချက်၂၈၉ချက် ဗိုလ်စွဲသွားသော နိုင်နိုင်လင်းအား ဆုကြေးငွေ ၇၅၀၀၀၀ နှင့်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Mr. David Teng (General Manager, Myanamar Brewery Ltd.)က MPGA နှင့် MGF ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့အား Special Presents များကို ပေးအပ်သည်။

ထို့နောက် Mr. Victor Seah (Commercial Manager, Myanmar Brewery Ltd.) က ရန်ကုန်ဂေါက်ကလပ်အား Thankyou Plaque ကို ပေးအပ်ရာ Secretary ဦးအေးချိုကလက်ခံသည်။

ပါဝင်ကူညီ

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်ပြီး Co-Sponsor များအဖြစ် Air Mandalay Ltd.၊ KM Golf Center၊ Imperial Jade Drinking Water၊ Accel International Co., Ltd.(Canon)၊ Yangon Golf Club နှင့် Han Golf Master Academy တို့က အသီးသီးပါဝင်ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌနှင့်အတူ ဆုရ ဂေါက်သီးရိုက်အားကစားသမားများ တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် ကိုဝင်းထိုက်ဇော်အား ရည်စူး၍ အမှတ် ၂၆၊ ၁၆၇လမ်း တာမွေကြီး(ခ)ရပ်ကွက်နေ ဇနီး မချိုချိုဝင်း(ခ) မငယ်၊သမီး အေးဝင့်သူတို့က အလှူငွေကျပ် ၁၁၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲပြီးစီး တံခွန်နိုင်၊ လယ်ယာထွက်ကုန်နှင့် စွမ်းအင်သရေကျ

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ တံခွန်အသင်းက ပြည်ထဲရေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နောက်ဆုံးပွဲစဉ်၌ အနိုင်ဖြင့် ပွဲသိမ်းနိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရာ တံခွန်အသင်းက တစ်ဂိုးဖြင့်ကပ်နိုင်ပြီး သုံးမှတ်အပြည့်ရရှိသွားသည်။ တံခွန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၆မိနစ်တွင် နီမောင်မောင်အောင်က သွင်းယူပေးသည်။

တစ်ဂိုးစီသရေ

လူငယ်အားကစားလေ့ကျင့် ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ စွမ်းအင်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း၌ အောင်ကျော်မျိုးက သွင်းယူပေးသည်။ လယ်ယာထွက်ကုန်အသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်း၌ တင်မင်းထွန်းက သွင်းယူပေးသည်။

ရပ်တည်မှု

၂၀၀၅ –၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ ဘဏ္ဍာ/အခွန်အသင်းက ပထမ၊ စီးပွား/ ကူးသန်းအသင်းက ဒုတိယ၊ စွမ်းအင်အသင်းကတတိယ၊ ပို့ဆောင်ရေးအသင်းက အဆင့်(၄)၊ တံခွန်အသင်းက အဆင့်(၅)၊ မြို့တော် စည်ပင်အသင်းက အဆင့်(၆)၊ ကမ္ဘောဇအသင်းက အဆင့်(၇)၊ဆောက်လုပ်ရေးအသင်းက အဆင့်(၈)၊ သစ်တောရေးရာအသင်းက အဆင့်(၉)၊ ပြည်ထဲရေးအသင်းက အဆင့်(၁၀)၊ စွန်ရဲအသင်းက အဆင့်(၁၁)၊ လယ်ယာ/ဆည်မြောင်းအသင်းက အဆင့်(၁၂)၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အဆင့်(၁၃)၊ လယ်ယာထွက်ကုန်အသင်းက အဆင့်(၁၄)၊ ရထားပို့ဆောင်ရေးအသင်းကအဆင့် (၁၅)၊ တပ်မတော်(ကြည်း) အသင်းက အဆင့်(၁၆) ရရှိကြသည်။ **(မြန်မာ့အလင်း)**

စာအောင်ဂုဏ်ပြု မွေးနေ့ပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ၁၃၆၇ ခုနှစ် စာအောင်သံဃာတော်ဂုဏ်ပြုပွဲနှင့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကေသရ(အဂ္ဂမဟာပဏ္ဍိတ)၏ သက်တော်(၇၉) နှစ်ပြည့် မွေးနေ့ပူဇော်ပွဲကို မတ် ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း–၂၉၁၇၉၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

သာယာဝတီဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၁

သာယာဝတီ ဂေါက်ကလပ်မှ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ပဲခူးတိုင်း ဥက္ကဋ္ဌ ဦးရဲဒင်သည် မတ် ၇ ရက်က Titleist°Pro°V1°No°1ဘောလုံးကို Homa Beres 3 Star Wood 1 ဖြင့် Hole No 8မှ ကိုက် ၃၂၀အကွာ Per 4ကျင်းအား တီခုံမှ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပြီး Alba Tross ရရှိသွားခဲ့သည်။ အတူကစားဖော်များမှာ ဦးထင်ကျော်၊ ဦးတင်ဝင်းနှင့် ဦးလှရွှေတို့ဖြစ်ကြပြီး ဦးရဲဒင်သည် ၁၉၉၉ ခုနှစ်ကလည်း တစ်ချက်တည်း ကျင်းဝင်ခဲ့ဖူးသူဖြစ်သည်။ **(က–ပ)**

စပိန်လာလီဂါ၌ ဗလင်စီယာနှင့် ရီးရဲမက်ဒရစ်တို့ဆုံပြီ

မက်ဒရစ် မတ် ၁၁

စပိန်လာလီဂါပွဲစဉ် ၂၆ကို မတ်၁၂ရက် (ယနေ့) **တွင် ဆက်လက်ကစားမည်ဖြစ်ရာ ဗလင်စီယာနှင့် ရီးရဲမက်ဒရစ်တို့ ပြိုင်ဘက်ကောင်းများအဖြစ် တွေ့ကြမည်ဖြစ်ပြီး အက်စ်ပန်ညိုနှင့် ရီးရဲဆိုစီဒတ်တို့လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။**

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဗလင်စီယာနှင့်ရီးရဲမက်ဒရစ်

ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီးဖြစ်သော ရီးရဲမက်ဒရစ်တို့ လာလီဂါ၌ အာရုံစိုက်ရတော့မည်ဖြစ်ရာ ယခုပွဲ အဝေးကွင်း၌ ကစားရမည်ဖြစ်သော်လည်း နိုင်ပွဲရအောင် ကြိုးစားအားထုတ်တော့မည်ဖြစ်သည်။ ရီးရဲမက်ဒရစ်တို့ အဝေးကွင်းရလဒ် အကောင်းချည်းမဟုတ်ရာ ၁၂ပွဲ ကစား ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရှိထားသည်။

ရီးရဲမက်ဒရစ်တွင် ဂိုးအများဆုံးသွင်းထားနိုင်သူမှာ ရော်နယ်ဒိုဖြစ်ပြီး ၁၀ ဂိုးသွင်းထားသည်။ ကိုယ်အလေးချိန်တက်နေသော ရော်နယ်ဒို၏ ဂိုးသွင်း စွမ်းရည်မှာလည်း သံသယဖြစ်ဖွယ်ကောင်းနေရာ ရီးရဲမက်ဒရစ်တို့ အဝေးကွင်း အဖွင့်ဂိုး သွင်းယူနိုင်ရေးသည် အရေးကြီးနေသည်။

ရီးရဲမက်ဒရစ်တို့ ဗလင်စီယာကွင်း၌ နောက်ဆုံးငါးကြိမ် ကစားခဲ့ရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ရှိထားရာ ရီးရဲမက်ဒရစ်တို့ အရေးသာလျက်ရှိသည်။ သို့သော် ဗလင်စီယာတိုက်စစ်မှူးဗီလာက တစ်ဦးတည်း ၁၅ ဂိုးသွင်းထားနိုင်ရာ ရော်နယ်ဒိုထက် ဂိုးသွင်းစွမ်းရည် ပိုကောင်းနေသည်။

ရီးရဲမက်ဒရစ်က ၂၆ ပွဲကစား ၅၁ မှတ်ဖြင့် ဒုတိယနေရာ၌ ရှိနေသလို ဗလင်စီယာကလည်း ၂၆ပွဲကစား ၅၁ မှတ်ဖြင့် တတိယနေရာတွင် ရှိနေသည်။ ရီးရဲမက်ဒရစ်တို့ ပေါ့ပေါ့ဆဆ ကစားပါက အဖြေတစ်မျိုး ထွက်သွားနိုင်သည်။

ထိုးဖောက်ကစားဟန်

လာလီဂါပွဲစဉ် (၂၆) တွင် ရီးရဲဆိုစီဒတ်၌ ပါဝင်ကစားမည့် အာဂါရာတီ (ယာ) **၏ ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ-အင်တာနက်)

အက်စ်ပန်ညိုနှင့်ဆီလ်တာဗီဂို

ခြေစွမ်း ကျဆင်းနေသော အက်စ်ပန်ညိုတို့ အိမ်ကွင်း၌ပင် ဆီလ်တာဗီဂိုကို ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။ ဆီလ်တာဗီဂိုကလည်း အိမ်ကွင်းခြေမာသော်လည်း အဝေးကွင်းရလဒ်မကောင်းရာ အက်စ်ပန်ညိုကို အနိုင်ရရှိရန် တော်ရုံကြိုးစား၍ ရမည်မဟုတ်ချေ။

အက်စ်ပန်ညို တိုက်စစ်မှူး လူးဝစ်ဂါစီရာက တစ်ဦးတည်း ရှစ်ဂိုးသွင်းထားနိုင်သလို ဆီလ်တာဗီဂိုတိုက်စစ်မှူး ဘိုင်ရာနိုလည်း တစ်ဦးတည်း ကိုးဂိုးသွင်းထားနိုင်သည်။ အက်စ်ပန်ညိုကွင်း၌ ဆီလ်တာဗီဂိုတို့ နောက်ဆုံးငါးပွဲကစားခဲ့ရာတွင် တစ်ပွဲသာ အနိုင်ရရှိထားပြီး ကျန်လေးပွဲရှုံးထားသည်။ အက်စ်ပန်ညိုတို့ အိမ်ကွင်း၌ အသာစီးရဖွယ်ရှိသည်။

ဒီပို့တီဗိုနှင့် ရီးရဲဆိုစီဒတ်

ခြေရည်တူနေသော အသင်းများဆုံတွေ့ခြင်းဖြစ်သည်။ ဒီပို့တီဗို တိုက်စစ်မှူး ထရစ်စတန်က တစ်ဦးတည်း ၁၀ဂိုးသွင်းကာ ခြေစွမ်းပြနေသလို ရီးရဲဆိုစီဒတ်တိုက်စစ်မှူး နီဟက်ကလည်း တစ်ဦးတည်း ရှစ်ဂိုးသွင်းနိုင်သည်။ ဒီပို့တီဗိုတို့ အိမ်ကွင်း ရီးရဲဆိုစီဒတ်တို့နှင့် နောက်ဆုံးငါးကြိမ် ဆုံတွေ့ခဲ့ဖူးရာ ဒီပို့တီဗိုက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရှိထားသည်။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အင်တာမီလန်တို့ ဆမ်ဒိုးရီးယားနှင့်ကစားမည့်စီးရီးအေပွဲစဉ်(၂၈)

ရောမ မတ် ၁၁

စီးရီးအေပွဲစဉ်(၂၈)ကို မတ်၁၂ရက် (ယနေ့)**တွင် ကစားမည်ဖြစ်ရာ အင်တာမီလန်နှင့်ဆမ်ဒိုးရီးယားတို့ အင်တာမီလန်ကွင်း၌ ကစားရမည်ဖြစ်ပြီး ဆီနာနှင့်ထရီဗီဆိုတို့လည်း ဆီနာကွင်း၌ ကစားကြရမည်ဖြစ်သည်။**

အင်တာမီလန်နှင့်ဆမ်ဒိုးရီးယား

အင်တာမီလန်တို့ အိမ်ကွင်း၌ နိုင်ပွဲဆက်မည့် ပွဲဖြစ်သည်။

တန်းစီဇယား ဒုတိယနေရာမှ အေစီမီလန်နှင့် ပွဲတူ လေးမှတ်ကွာနေမှုကို ကျဉ်းမြောင်းသွားရန် အင်တာမီလန်တို့ နိုင်ပွဲလိုအပ်နေသည်ဖြစ်ရာ ဆမ်ဒိုးရီးယားကို အနိုင်ကစားမည်သာဖြစ်သည်။

အင်တာမီလန်တို့ တိုက်စစ်တွင် အားကောင်းသလို ခံစစ်၌ အားသာရာ ဆမ်ဒိုးရီးယားတို့ အင်တာမီလန်ကွင်း၌ အနိုင်ရရန် မလွယ်ချေ။ အင်တာမီလန် တိုက်စစ်မှူး အက်ဒရီယာနိုက ဂိုးသွင်းခြေကောင်းပြီး တစ်ဦးတည်း ၁၂ဂိုး သွင်းထားနိုင်သလို ဆမ်ဒိုးရီးယားမှ ဘိုနာဇိုလီက တစ်ဦးတည်း ကိုးဂိုး သွင်းထားနိုင်သည်။

သို့သော် အင်တာမီလန်ကွင်းတွင် ဆမ်ဒိုးရီးယားနှင့် နောက်ဆုံး ငါးပွဲကစားခဲ့ရာတွင် အင်တာမီလန်တို့က တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ကလည်းရှိနေရာ အင်တာမီလန်တို့ လူစုံထုတ် ခြေကုန်ထုတ်ကစားမှ အနိုင်ရဖွယ်ရှိသည်။

ဆီနာနှင့်ထရီဗီဆို

တန်းဆင်းရန် သေချာနေသော ထရီဗီဆိုကို ဆီနာတို့ အိမ်ကွင်း၌ အနိုင်ကစားမည်ဖြစ်သည်။ ထရီဗီဆိုတို့ အဝေးကွင်း ၁၄ပွဲ ကစားခဲ့ရာတွင် တစ်ပွဲသာ အနိုင်ရထားသော မှတ်တမ်းရှိနေရာ ဆီနာတို့အလေးသာဖွယ်ရှိနေသည်။ ဆီနာတိုက်စစ်မှူး ချီယေဆာက ဂိုးသွင်း မှန်သူဖြစ်သလို အလ်ဘာတို့နှင့် ဖီလစ်ပီနီတို့ကလည်း ဂိုးသွင်းကောင်းသူများ ဖြစ်သည်။

ဆီနာကွင်း၌ ထရီဗီဆိုနှင့် နောက်ဆုံးငါးပွဲကစားခဲ့ရာတွင် ဆီနာတို့က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ရှိနေသည်။ ဆီနာတို့သာ နိုင်ပွဲရဖွယ်ရှိသည်။

(အင်တာနက်)

စီးရီးအေပွဲစဉ်(၂၈)တွင် အင်တာမီလန်အသင်း၌ ပါဝင်ကစားမည့် လူးဝစ်ဖီဂို (ယာ) **၏ ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဂျူနီယာဝဲလ်တာဝိတ်တန်း လက်ဝှေ့ထိုးသတ်ပွဲအဖြစ် မိုရူရာ (ဝဲ)**နှင့် အီမြူရယ်အော်ဂတ်စတတ်တို့ ထိုးသတ်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဂျူနီယာဝဲလ်တာဝိတ်တန်းချန်ပီယံ မက္ကဆီကိုမှ မိုရူရာဖြစ်လာ

တူဆန် မတ် ၁၁

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဂျူနီယာဝဲလ်တာဝိတ်တန်း လက်ဝှေ့ထိုးသတ်ပွဲကို တူဆန်မြို့၌ မတ်၁၀ရက်က ပြုလုပ်ရာ မက္ကဆီကိုနိုင်ငံမှ အာတိုရိုမိုရူရာနှင့် အီမြူရယ်အော်ဂတ်စတတ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အသာစီးမှ ထိုးသတ်

ထိုပွဲတွင် မိုရူရာက ပွဲချီ အများအပြားကို အသာစီးမှ ထိုးသတ်နိုင်ခဲ့ပြီး အချီတိုင်းတွင်လည်း အီမြူရယ်အား ထောက်လက်သီး၊ ဖြောင့်လက်သီးများဖြင့် ထိမှန်အောင် ထိုးနိုင်ခဲ့သည်။

ပွဲချီ ၁၂ချီအပြည့် ထိုးသတ်ပြီးနောက် မိုရူရာက အမှတ်ဖြင့်အနိုင်ရရှိကာ ဂျူနီယာဝဲလ်တာဝိတ်တန်း ချန်ပီယံ ဖြစ်လာခဲ့သည်။

(အင်တာနက်)

ရော်နယ်ဒို ဂိုးသွင်းစွမ်းရည်ကျနေပြီလော

ရီယိုဒီဂျနေရိုး မတ် ၁၁

ဘရာဇီးဘောလုံးအသင်း တိုက်စစ်မှူးနှင့် ရီးရဲမက်ဒရစ် တိုက်စစ်မှူးဖြစ်သူ ရော်နယ်ဒိုသည် ကိုယ်အလေးချိန်တိုးကာ လျင်မြန်မှု လျော့နည်းလာပြီး ဂိုးသွင်း စွမ်းရည်များလည်း ကျဆင်းလာကြောင်း ကမ္ဘာ့ဘောလုံးကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

ကိုယ်အလေးချိန်လျှော့ချ

အသက် ၂၉နှစ်အရွယ် ရှိပြီဖြစ်သော ရော်နယ်ဒိုသည် ယခုအခါ သိသာစွာဝဖြိုးလာလျက်ရှိရာ ဘရာဇီးဘောလုံးအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းနည်းပြများက ကိုယ်အလေးချိန် လျှော့ချရန် သတိပေးလျက်ရှိသည်။

ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အတွက် ယခုနှစ် ဘောလုံးရာသီတွင် ၁၀ဂိုးသာ သွင်းယူပေးနိုင်ခဲ့သလို ဘရာဇီး ဘောလုံးအသင်းအတွက်လည်း ယခုနှစ်ပိုင်းများ၌ တစ်နှစ်လျှင် နှစ်ဂိုးနှုန်းသာသွင်းယူပေးနိုင်ခဲ့သည်။

ရော်နယ်ဒိုသည် သုံးလမျှသာ လိုတော့သည့် ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အကောင်းဆုံးအနေအထား မရှိသေးကြောင်း၊ သို့သော်လည်း ကမ္ဘာကျော် ဘောလုံးသမားကြီးများဖြစ်သော ပီလီ၊ ပလာတီနီနှင့် ဇစ်ကိုကဲ့သို့သော ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ဘရာဇီးဘောလုံး အသင်းနည်းပြ ကားလို့စ်အယ်ဘာတိုပရဲယားက မကြာမီက သုံးသပ်ပြောကြားလိုက်သည်။

(အင်တာနက်)



ဘရာဇီးတိုက်စစ်မှူးနှင့် ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရော်နယ်ဒို။
(ဓာတ်ပုံ-အင်တာနက်)

မော်စကိုမြို့တွင် ကျင်းပသည့် ကမ္ဘာ့အားကစားရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးအမြင့် ခုန်ပြိုင်ပွဲ၌ ယူကရိန်းမှ အယ်ယူမီလာ၏ ပထမရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် ပြိုင်ပွဲဝင်ဟန်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အမျိုးသမီး မီတာ၆၀အပြေးပြိုင်ပွဲ မီလီဆာရွှေတံဆိပ်ဆွတ်ခူး

မော်စကို မတ် ၁၁

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့အားကစားရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ၆၀အမျိုးသမီး အပြေးပြိုင်ပွဲ၌ အမေရိကန်နိုင်ငံသူ မီလီဆာက ပထမဆု ဆွတ်ခူးရရှိသွားသည်။ မီလီဆာဘာဘာသည် မီတာ၆၀ကို ၇ဒသမ ၁စက္ကန့် ဖင့်ပြေးကာ ပထမဆုဆွတ်ခူးရရှိခဲ့ပြီး ဒုတိယရရှိသူ လောရင်ဝီလီယမ်ထက် နှာတစ်ဖျားအသာရရှိကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံသူ ကင်ဂီဗက်စ်က ၇ဒသမ ၁၁စက္ကန့်ဖြင့် ပြေးကာ တတိယကြေးတံဆိပ်ရရှိခဲ့သည်။ **(အင်တာနက်)**

မော်စကိုမြို့တွင် ကျင်းပသည့် ကမ္ဘာ့အမျိုးသမီး မီတာ ၆၀ အပြေးပြိုင်ပွဲ၌ ပထမဆုရရှိသွားသည့် မီလီဆာဘာဘာ ပန်းဝင်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ်၆ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြုပြင်လည်တည်ဆောက်ရေးစီမံကိန်း ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့်အရံစေတီတော်များပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းအတွက် ရွှေဂုံတိုင် ဗဟန်းမြို့နယ်နေ နှစ်ဖက်သောမိဘများ အမှူးထား၍ ဦးကျော်ဝင်း-ဒေါ်လင်းလင်းမြတ်သာ မိသားစုက ရွှေစင်ရွှေသား တစ်ကျပ်သားကိုးလက်မပတ်လည် တစ်ချပ်အတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မပူဇာပွဲ ဖိတ်ကြားခြင်း

ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)

B.A°, M.A°, Ph.D

ကျင်းပမည့်အချိန် - ညနေ ၆ နာရီမှ ၇ နာရီအထိ
ကျင်းပမည့်နေ့ရက် - ၁၃-၃-၂၀၀၆ရက် (တနင်္လာနေ့) တပေါင်းလပြည့်နေ့
ကျင်းပမည့်နေရာ - စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဒေါ်ဉာဏစာရီ မြန်အောင် သီလရှင်စာသင်တိုက်။

ဗဟန်းဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင် ရေစက်ချပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြသော ပဒေသာပင်အလှူရှင်များ၏ (၄၁)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် ပဒေသာပင် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက အဆိုပါဆေးရုံကြီး၏ ဝေဇယန္တာဆောင်၌ကျင်းပရာ သာကေတမြို့နယ် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအင်္ဂီသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

အမျှပေးဝေ

ထို့နောက် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပါဠိကာရီ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်ထံမှ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ ဘောက်ထော်နေ
ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်စိန်(ဒါရိုက်တာ-Jewel Rain Co.,Ltd.)
တို့၏သား

မောင်လွင်မြင့်ထွန်း

(Diploma of Hospitality Management, Australia)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်၊ စိုက်ပျိုးရေးဝင်းနေ
ဦးအောင်ရွှေ(မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)-ဒေါ်မြင့်မြင့်ဝေ(ဌာနခွဲစာရေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
တို့၏သမီးကြီး

မသိမ့်သိမ့်အောင်

(Bachelor of Public Administration)

တို့သည် ၁၁-၃-၂၀၀၆ရက် (စနေနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်လွင်မြင့်ထွန်း-မသိမ့်သိမ့်အောင်။

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၁

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံတော်ကချီးမြှင့်သော ဘွဲ့ရဆရာတော်များ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၆ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များနှင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများသည် အမှတ်စာရင်းမိတ္တူ အထောက်အထားများဖြင့် မတ်၁၉ရက် နောက်ဆုံးထား၍ အသင်းနာယက ဦးကျင်ဖေ ဖုန်း-၅၅၇၇၀၄၊ နာယက ဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ဥက္ကဋ္ဌ ဦးသိန်းညွန့် ဖုန်း-၅၄၂၈၅၄၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃၊ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၆၆၁၆၂၇တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ အသင်းဝင်များ လိပ်စာမှတ်တမ်းစာအုပ်ပြုလုပ်မည်ဖြစ်ရာ မိမိတို့၏ နေရပ်လိပ်စာကို နီးစပ်ရာအသင်းဝင်များမှ တစ်ဆင့် အစည်းအဝေးသို့ ပေးပို့ကြပါရန်နှင့် အသင်းပိုင်တိုက်ခန်းအတွက် အလှူငွေထည့်ဝင်ထားသော အလှူရှင်များလည်း တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ **(က-ပ)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Sakura Tower ရှိ သီရိပစ္စယာကော်ဖီဆိုင်မှ အောက်ပါ လစ်လပ်နေရာအတွက် အလုပ်ခေါ်ယူနေပါသည်။

Head Chef / Sous Chef

* အနည်းဆုံးလုပ်သက် ငါးနှစ်အထက် (ဟိုတယ်လုပ်သက်ဦးစားပေး)
* English အရေး၊ အပြော ကျွမ်းကျင်ရန်

ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

 # ၀၅၀၅၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel:255255
၂၇-၃-၂၀၀၆ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သုံးမြွှာပူးကလေးများအတွက်ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်မြို့ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ဖခင်ဖြစ်သူ ကိုကျော်ဌေးခိုင်နှင့် မိခင် မလှလှဝင်းတို့က မွေးဖွားခဲ့သော သုံးမြွှာပူးကလေးများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက်၁၀နာရီတွင် ယင်းပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့က သုံးမြွှာပူး ကလေးများအတွက် ဖခင်နှင့်မိခင်တို့အား ငွေကျပ်၅၀၀၀၀နှင့် ဆေးဝါးများ၊ အနှီးပိတ်များ၊ စောင်များနှင့် ပေါင်ဒါဘူးတို့ကိုပေးအပ်လှူဒါန်းကြပြီး မိခင်နှင့်သုံးမြွှာပူးကလေးများ၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မတ်လအတွက်
(၁၂-၃-၂၀၀၆)ရက်နေ့
နှင့်
(၂၆-၃-၂၀၀၆)ရက်နေ့

တောင်ကြီးစက်မှုအထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

တောင်ကြီးမြို့ စက်မှုအထက ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို တောင်ကြီးမြို့ ကုန်သာကျောင်းတိုက်တွင် ဧပြီ၁ရက် (စနေနေ့)တွင်ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာဦးသောင်းထွန်း ဖုန်း-၀၁-၇၂၂၅၇၁၊ ဆရာဦးစိန်မောင် ဖုန်း-၀၁-၇၀၀၁၉၈သို့ ဆက်သွယ်နိုင်ပြီး၊ အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးညွန့် ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးတင်အောင် ဖုန်း-၀၉-၅၂၁၁၁၄၆၊ ဦးချစ်ထွန်း ဖုန်း-၀၉-၅၀ ၁၈၇၇၁၊ ဦးလှသိန်း ဖုန်း-၀၁-၂၈၅၁၇၆၊ ဦးညိုမင်းဒင် ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၇၀၀၇၊ ဒေါ်စန်းစန်းမြင့် ဖုန်း ၀၁-၆၄၂၅၄၂၊ ဦးအေးဝင်း ဖုန်း-၀၂-၃၁၄၅၄နှင့် ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂-၂၂၆၆၇၊ ၀၆၂-၂၁၉၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ တိုးချဲ့ဖွဲ့စည်း

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)မှ နာယကများ၊ အလုပ်အမှုဆောင်များနှင့်မြို့နယ်အသီးသီးမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ ပါဝင်သော ရိုးရာပန်းပညာရှင်များသည် မတ်၆ရက်နှင့် ၇ရက်များတွင် တိုးချဲ့စည်းရုံးဖွဲ့စည်းရေး၊ ပညာရေးခရီးစဉ်အဖြစ် ညောင်လေးပင်မြို့နယ်နှင့်ရွှေကျင်မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်အဆင့် အစည်းအရုံးများ စည်းရုံးဖွဲ့စည်းပေးခဲ့ကြပြီး ရွှေကျင်မြို့နယ် ရှုခင်းများကို လက်တွေ့ရေးဆွဲ မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။ **(က-ပ)**



ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းနှင့် ခြံစည်းရိုကြက်ဆူပျိုးထောင်မှုတို့ကို ဖေဖော်ဝါရီ၁၆ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အမရပူရ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ ပညာရေးတိုးတက်မှုနှင့် သင်ကြားနေမှုလုပ်ငန်းများစစ်ဆေး

မြစ်ငယ် ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်၊ ခရိုင်အသင်းအတွင်းရေးမှူး ဦးသောင်းဝေ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးတင့်နှင့် အလုပ်အမှုဆောင်များ ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီက အမရပူရမြို့နယ် ကင်းဘက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ကျောင်းခွဲ)တွင် ပညာရေးတိုးတက်မှုနှင့် သင်ကြားနေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်ဆောင်ရွက်

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းပုက ပညာသင်ကြားနေမှုနှင့် ပတ်သက်၍ ပညာရေးရည်မှန်းချက်များအတိုင်း ဆောင်ရွက်လုပ်ကိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အလုပ်အမှုဆောင် ဦးကျော်က လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အလုပ်အမှုဆောင်ဦးကျော်နှင့်အဖွဲ့သည် တမုတ်ဆိုး ကျေးရွာအုပ်စု ကံရိုးအခြေခံပညာ အထက်တန်းကျောင်း (ကျောင်းခွဲ) သို့သွားရောက်ပြီး ကျောင်းဆောင်သစ်ဆောက် လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (၂၀၉)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အောင်မြေကုန်းကျေးရွာ အဝင်လမ်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ ရက်က လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်မြင့်ဝင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ဂန့်ဂေါမြို့၌ ကျန်းမာရေးပညာပေး ဟောပြော

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၀

ဂန့်ဂေါခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက်က ဂန့်ဂေါမြို့နယ် စိုင်ဒူးရွာ အလင်းသစ် စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်မောင်စိန်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဟောပြော ကြသည်။

ထို့နောက် ကျေးရွာရှိ သက်ကြီး အဘိုးအဘွားများအား ဆေးဝါးပစ္စည်းများ ထောက်ပံ့ ဂါရဝပြု ကြပြီး ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်မောင်စိန်နှင့် အဖွဲ့က ကျေးရွာနေ ပြည်သူများအား ကျန်းမာရေး စစ်ဆေးကုသပေးကြသည်။ (၂၇၃)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သောက်သုံးရေကန်များမှ မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းကို ဖေဖော်ဝါရီ၂၈ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

အိမ်မဲမြို့နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် ဘက်စုံပညာထူးချွန်သူများ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၈ရက်က အိမ်မဲ မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်က သင်ကြားမှု ထူးချွန်ဆုရ ဆရာမတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပညာရည်ချွန်ဆုချီးမြှင့်

တိုက်ကြီးမြို့နယ် ကံသုံးဆင့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် စာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်တွင် ပထမဆုရ တတိယတန်းကျောင်းသူ မမြနှင်းသူဇာအား ကျောင်းအုပ်ဆရာမကြီးဒေါ်သင်းသင်းဝင်းက ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကာမိုင်းမြို့၌ စုပေါင်းသန့်ရှင်း

ကာမိုင်း မတ် ၂

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးသန့်ရှင်း သပ်ရပ်ရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဆန်းအောင်၊ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးအေးဇော်မြင့်၊ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၁၆)

ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်း သနပ်ပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်း

သနပ်ပင် ဖေဖော်ဝါရီ ၁၈

သနပ်ပင်မြို့နယ် ကမာဖရန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းကို မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါ ဆေးခန်းရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ကမာဖရန်ကျေးရွာဥက္ကဋ္ဌ ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ခရမ်းတိုက်နယ်ဆေးရုံမှ ဒေါက်တာ ဒေါ်ဖြူဖြူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးစိုးလှိုင်က မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေး အပ်ရာ တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ဖြူဖြူဝင်းက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၄-၃-၂၀၀၆ (အင်္ဂါနေ့)

❑ Priority of Maritime Lien
- နောက်ဆုံးနှစ်မဟာ ဥပဒေ(ပင်လယ်ရေ ကြောင်းအုပ်စု) တက်ရောက်နေသောကျောင်းသား၊ကျောင်းသူများ

❑ - မြန်မာဓလေ့ထုံးတမ်းဥပဒေအရ သားသမီးများ အမွေဆက်ခံရေး
– ဒုတိယနှစ် ဥပဒေ၊ မဟာဥပဒေ(ပြည်တွင်း) တက်ရောက်နေသောကျောင်းသား၊ကျောင်းသူများ

၁၅-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

❑ A Cultural Comparative Study between Pyu and Bagan
- ရှေးဟောင်းသုတေသန အထူးပြုနှင့်မြန်မာမှု အထူးပြုနှင့် SEAP Studies ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းသားများအားလုံး

❑ Mammalia Heart
- အဝေးသင်/နေ့ပထမနှစ် သတ္တဗေဒ၊ရုက္ခဗေဒ၊ ကျောင်းသား၊ကျောင်းသူများ

၁၆-၃-၂၀၀၆ (ကြာသပတေးနေ့)

❑ The Culture of Visnu Old City
- ရှေးဟောင်းသုတေသန ပညာဘွဲ့ကြို၊ဘွဲ့လွန်သင်တန်းသားများအားလုံး

❑ သက်ရှိနှင့်ပတ်ဝန်းကျင်
- ပညာပေး(ကျောင်းသား၊ကျောင်းသူနှင့် လုပ်သားပြည်သူများ)

၁၇-၃-၂၀၀၆ (သောကြာနေ့)

❑ Numerical Methods for Initial Value Problems
- မဟာသိပ္ပံဒုတိယနှစ် အထူးပြုကျောင်းသား၊ကျောင်းသူများ

❑ Hllbert Spaces and Banach Spaces
- မဟာသိပ္ပံပထမနှစ် အထူးပြုကျောင်းသား၊ကျောင်းသူများ

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၁၈-၃-၂၀၀၆ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၉-၃-၂၀၀၆ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ဘုရားသုံးဆူမြို့စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်ကျော်လင်းတို့ ဖေဖော်ဝါရီ ၂၀ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင် မြေခင်းအလှပြုပြင်မှုကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၉ လမ်း ပထမထပ် အခန်း(၁၀၂) အမှတ်(၈၅)နေ ဒေါ်အေးအေးတီ (ရွှေခြင်္သေ့-ရွှေပန်းထိမ် မိသားစု)က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေဘုရားစေတီရံတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

ညောင်တုန်း အထက(၁)မိဘဆရာအသင်းစည်းဝေး ကျောင်းသားများ ပညာရည်မြင့်မားရေးရှင်းလင်း

ညောင်တုန်း မတ် ၆

ညောင်တုန်းမြို့ အထက(၁)၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တတိယအကြိမ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းငွေးက ပညာ သင်နှစ်အတွင်း ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် အောင်ချက်မြင့်မားရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးဖုန်းမြင့်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအေးငြိမ်းတို့က ကဏ္ဍအလိုက်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းငွေးနှင့် တာဝန်ရှိသူများက အခြေခံပညာ အထက်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ ထူးချွန် ကျောင်းသားကျောင်းသူများ၊ ထူးချွန်စွာသင်ကြားပြသနိုင်သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ပြီး ရေကောင်းရေသန့်ရရှိရေး အလှူရှင်များနှင့် ကျောင်းပညာပဒေသာပင်အတွက် လှူဒါန်းကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(ယာပုံ) (၀၉၈)**

နေပြည်တော်မြို့နယ် အခြေခံပညာ မူလတန်း ကျောင်းပေါင်းစုံ မြို့နယ် ပညာရေးမှူး ဒိုင်းဘောလုံး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က နေပြည်တော်မြို့ အားကစားကွင်း၌ကျင်းပရာ အနိုင်ရ နန်းတော်ကုန်း မူလတန်းဘောလုံး အသင်းခေါင်းဆောင်အား မြို့နယ် ပညာရေးမှူး ဦးစန်းက ဒိုင်းဆုပေးအပ်စဉ်။ (၀၈၅)

ကျေးရွာစာကြည့်တိုက်များ အသုံးပြုရန် စာအုပ်မျိုးစုံလှူဒါန်းပွဲ သံတွဲမြို့၌ကျင်းပ

သံတွဲ မတ် ၅

သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁နာရီက သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို စာအုပ်အလှူရှင် ဦးစံတင်အောင်(ရွှေဘို)က ပြောကြားပြီး သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ ၄၃ အုပ်ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးတင့်ရွှေက လက်ခံရယူပြီး စာအုပ်အလှူရှင်ဦးစံတင်အောင်(ရွှေဘို) အား ဂုဏ်ပြုလွှာပေးအပ်သည်။

အလားတူရခိုင်သဟာယအသင်း (ရန်ကုန်)က သုတ၊ ရသစာအုပ်မျိုးစုံ ၁၀၉အုပ်ကို သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လာရောက် လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြေငြာစာအမှတ် (၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံတော်မူခဲ့ရသော ပုလောမြို့နယ်ဖွား မြိတ်မြို့ ကံသာစာသင်တိုက်မှ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလနှင့် ဘဒ္ဒန္တဉာဏာလင်္ကာရတို့အား ပုလောမြို့နယ်အသင်း (ရန်ကုန်)က မတ် ၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထပ်ဆင့်ချီးကျူးပူဇော်မည်ဖြစ်သည်။

<u>လှူဒါန်းနိုင်</u>

မြို့နယ်သူ မြို့နယ်သား အသင်းသူ အသင်းသားစေတနာရှင်အလှူရှင်များ တက်ရောက်ပူဇော်ကြရန်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဦးမောင်လှ (ဥက္ကဋ္ဌ) ဖုန်း-၅၁၄၉၆၉၊ ၂၂၃၈၅၉၊ ဦးဘမြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွန့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၂၉၆၉၆၂၊ ဦးမောင်အုံး (အတွင်းရေးမှူး) ဖုန်း-၂၂၈၀၃၃၊ ဦးချစ်ထွေး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၀၆၁၇၇ နှင့် ဦးသန်းဝင်း (အုပ်ချုပ်ရေးမှူး) ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာတရားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

ကယားပြည်နယ် လွိုင်ကော်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ အမှတ်(၈၁) တွင် မတ် ၁၅ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ ရှမ်းပြည်နယ် မိုးဗြဲမြို့ တွင် မတ် ၂၆ ရက်မှ ဧပြီ ၁ ရက် အထိလည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးမြတ်တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထားဝယ်အသင်း ဂုဏ်ဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် မတ် ၁၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ (ထားဝယ်ဆရာတော်)အား အမှူးထား၍ ၂၀၀၆ ခုနှစ် အတွက်ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသော ထားဝယ်ခရိုင်မှ ဆရာတော်ခြောက်ပါး တို့အား ဂုဏ်ဝိသိဋ္ဌ ပူဇာသဘင်ကို မတ် ၁၈ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အလုံ မြို့နယ် အလုံလမ်း ဇမ္ဗူရတနာ ပါဠိတက္ကသိုလ် (ထား ဝယ်ကျောင်း တိုက်) တွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ် ဝတ္ထုများကို အသင်းတိုက် ဖုန်း-၂၂၂၂၁၉သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဈေးဆိုင်ခန်းများ အမှိုက်စနစ်တကျစွန့်ပစ်ရန် ကြည့်ရှုစစ်ဆေး

ပန်ဆောင် ဖေဖော်ဝါရီ ၂၆

ပန်ဆောင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်က ဈေးအတွင်း ဈေးဆိုင်ခန်းများမှထွက်ရှိသည့် အမှိုက်များစနစ်တကျ စွန့်ပစ်ရန်နှင့် မီးကြွင်း၊ မီးကျန်များ စနစ်တကျငြိမ်းသတ်သုံးစွဲကြရန်အတွက် တာဝန်ခံ ဦးတင်မောင်သန်းက ဈေးအတွင်းကြည့်ရှု စစ်ဆေးကြောင်းသိရသည်။ **(ပြည်နယ်စည်ပင်)**

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘာခံကန်ပေါင်မြေယာရှုခင်း အလှဆင်ခြင်းကို ဖေဖော်ဝါရီ ၂၀ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

မော်လမြိုင်ကျွန်း အထက(၁) အာစရိယပူဇော်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ (အငြိမ်းစား)ဆရာကြီး၊ဆရာမကြီးများအား (၂၂)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီက အထက(၁)ကျောင်းဝင်း၌ ကျင်းပရာ ဆရာကြီး ဆရာမကြီး ၇၆ ဦးတို့အား ကျောင်းသူ ကျောင်းသားဟောင်းများက ပူဇော်ကန်တော့ငွေနှင့် ကန်တော့ပစ္စည်း တန်ဖိုး ကျပ် ၃၂ သိန်းကျော်ဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းပူဇော်ပွဲတွင် အငြိမ်းစား ဆရာကြီး ဦးတင်ဆောင်အား ကျောင်းသူကျောင်းသားဟောင်းများကိုယ်စား ဦးသောင်းညွန့်-ဒေါ်တင်ကြည် (ရွှေမြန်မာ လယ်ယာသုံး ပစ္စည်း ရောင်းဝယ်ရေး)က ပူဇော် ကန်တော့ငွေကျပ်တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(အောက်ပုံ) (၀၉၇)**

တံတားပြုပြင်

ပေါင်မြို့နယ် သဲအိမ်ကျေးရွာ သွားလမ်းပေါ်ရှိ သစ်သားတံတား ပြုပြင်မှုကို ဖေဖော်ဝါရီ ၂၁ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဈေးရေကန်သန့်ရှင်း

ချီဖွေ ဖေဖော်ဝါရီ ၂၄

ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်းရှိ အများသုံးရေကန်ကို ဖေဖော်ဝါရီ ၁၅ ရက်က စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ရေကန်အတွင်း သန့်ရှင်းရေးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဘက ကြီးကြပ်ပေးကြကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

မတ်လမွေးနေ့ ရှင်များဖြစ်သော

ဒုတိယဗိုလ်မှူးကြီးသောင်းဇော်
အန်တီလွင်လွင်
မမ ကေကေ
မမ ဂျေဂျေ – မိသားစု
ထာဝရချမ်းမြေ့ပျော်ရွှင်အောင်မြင်ပါစေ၊
"မင်း"မိသားစု။

ဦးလှမင်း
(ဒုထွေဂျာ)(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း

ဖေကြီးရဲ့ မွေးနေ့တိုင်း ထာဝရချမ်းမြေ့ပျော်ရွှင်နိုင်ပြီး လူမှုရေး၊ဘာသာရေးတာဝန်များ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ။

သမီးကြီး ဗိုလ်မှူးကျော်ကျော်ဆွေ–
ဒေါ်ထွန်းလှလှမင်းနှင့်
မြေး–မသက်နွယ်မင်း၊ မသက်မြတ်မင်းမိသားစု။

ကျေးဇူးဆပ်ပါမည်

မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် (Pass Port)No.၆၇၄၂၉၂ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ဆက်သွယ်ပါရန်။
ကိုထွေးမြင့်၊ ဖုန်း– 727354။

ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့မှ (၁၉)ကြိမ်မြောက် ဝိသိဋ္ဌပူဇာမင်္ဂလာပွဲကျင်းပရန် ဖိတ်ကြားခြင်း

ရခိုင်ပြည်နယ် ဓမ္မာရုံမှကြီးမှူး၍ ရန်ကုန်ရောက်ရခိုင်လူမှုရေး အသင်းအဖွဲ့များ မြို့နယ်အသင်းများ အလှူရှင် ဒါယကာ/ဒါယိကာမများ စုပေါင်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၆ဖြင့် ဘွဲ့တံဆိပ်တော် ကပ်လှူခြင်းကို ခံယူတော်မူကြသော ရခိုင်ပြည်နယ်မှ ဆရာတော်ကြီး(၁၉)ပါး သီလရှင်ဆရာကြီး(၁)ပါး လူပုဂ္ဂိုလ်(၃)ဦး တို့အား (၁၉)ကြိမ်မြောက် ဂုဏပူဇာမင်္ဂလာပွဲနှင့် ချီးကျူးဂုဏ်ပြုပူဇော်ပွဲအား ၁၄–၃–၂၀၀၆ အင်္ဂါနေ့နံနက်၈းဝဝနာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ် ပါ၍ ရန်ကုန်ရောက် ရခိုင်သူ/သားများနှင့် စေတနာရှင် ဒါယကာ/ဒါယိကာမတို့အား ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲအလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်များ	ငွေကျပ်
၁။	ဗိုလ်ချုပ်သူရစောဖြူ (ငြိမ်း)	၅,၀၀၀
၂။	ဦးမင်းကြည် (အတွင်းရေးမှူးနိုင်ငံခြားရေးရာ–ငြိမ်း)	၁၀,၀၀၀
၃။	ဒေါက်တာထွန်းလှဖြူ	၅,၀၀၀
၄။	ဗိုလ်မှူးကြီး ဦးစောလှ(ငြိမ်း)	၂၀,၀၀၀
၅။	ဦးကျော်မောင်	၁၀,၀၀၀
၆။	ဦးဘရွှေ (အင်ဂျင်နီယာချုပ်–ငြိမ်း)	၁၀,၀၀၀
၇။	ဦးစိန်ထွန်းအောင်	၅၀,၀၀၀
၈။	ဒေါက်တာထွန်းအောင်ကျော်	၁၀,၀၀၀
၉။	ဒေါက်တာဦးအေးထွန်း	၃၀,၀၀၀
၁၀။	ဦးအောင်ရွှေဦး (နိုင်ငံခြားသတင်းထောက်)	၁၀,၀၀၀
၁၁။	ဦးလှကျော်အောင်	၁၀,၀၀၀
၁၂။	ဦးအောင်သာထွန်း	၅၀,၀၀၀
၁၃။	ဦးကျော်လှအောင်	၁၀,၀၀၀
၁၄။	ဒုတိယဗိုလ်မှူးကြီးသာစိန်(ငြိမ်း)	၁၀,၀၀၀
၁၅။	သီဟသုဓမ္မမဏိဇောတရေ ဦးစိုးသိမ်း	၁၀,၀၀၀
၁၆။	ဒေါ်ထွန်းမေ၊ သား ဦးစောသိမ်း	၁၀၀,၀၀၀
၁၇။	ဒေါ်တင်အေးခိုင် မိသားစု	၂၀,၀၀၀
၁၈။	ဦးစောလှဖြူ အား ရည်စူး၍ ဇနီးဒေါ်မြမိုး	၄၀,၀၀၀
၁၉။	ဦးကျော်အောင်	၁၁,၀၀၀
၂၀။	ဦးရွှေလှဖြူ	၁၀,၀၀၀
၂၁။	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေဦးကျော်မင်း	၅၄၀,၀၀၀
၂၂။	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေဦးသန်းနိုင်	၄၀၀,၀၀၀
၂၃။	ဦးစံသာကျော် (တရားရုံးချုပ်ရှေ့နေ)	၁၀,၀၀၀
၂၄။	သီရိသုဓမ္မမဏိဇောတရေ ဦးခင်မောင်ဝင်း	၁၀၀,၀၀၀
၂၅။	ဦးသာဟန်	၁၀,၀၀၀
၂၆။	ဦးထူးအောင်	၅၀,၀၀၀
၂၇။	ဦးဇော်အေးမောင်	၁၀၀,၀၀၀
၂၈။	ဦးဝင်းမောင်	၃၀,၀၀၀
၂၉။	ဦးရွှေတင်အောင်	၅၀,၀၀၀
၃၀။	ဦးသန်းမောင်	၇၀,၀၀၀
၃၁။	ဦးသန်းမောင်(ဥပဒေ)	၁၀,၀၀၀
၃၂။	ဒေါ်ခင်ခင်ညွန့်	၂,၀၀၀
၃၃။	ဦးဘအေး	၂,၀၀၀
၃၄။	ဦးသိန်းစိုးဦး	၃၀,၀၀၀
၃၅။	ဦးအောင်ကျော်ဦး	၅၀,၀၀၀
၃၆။	ဦးအောင်သိန်း	၁,၀၀၀
၃၇။	ဦးကျော်ဝင်း	၁၀,၀၀၀
၃၈။	ဦးအောင်သိန်းထွန်း	၃,၀၀၀
၃၉။	ဒေါ်ခင်မြင့်ကြီး	၄,၀၀၀
၄၀။	ဒေါ်ယဉ်ယဉ်၊ ဒေါ်မြမိုးသွယ်	၁၀,၀၀၀
၄၁။	ဦးလှထွီးအောင် (ဒေါ်မြနှစ်)	၄,၀၀၀
၄၂။	ဦးအောင်ကျော်မြ	၁၀,၀၀၀
၄၃။	ဦးစောမြသိန်း	၃,၀၀၀
၄၄။	ဦးမောင်မောင်စိုး	၃,၀၀၀
၄၅။	ဦးဦးလှမြင့်	၂၀,၀၀၀
၄၆။	ဒေါ်လီလီဇံ	၂၀,၀၀၀
၄၇။	ဒေါ်ကျော့မြခင်	၃၀,၀၀၀
၄၈။	သီရိသုဓမ္မမဏိဇောတရေဒေါက်တာကျော်စော	၅၀၀,၀၀၀
၄၉။	ဆရာကြီးဦးကျော်မင်းအားအမှူးထား၍ တပည့်မိသားစုမှ ဆွဲခံကျွေးမွေးဆွမ်းလှူဒါန်း	၄၅၀,၀၀၀
၅၀။	ဆရာကြီးဦးကျော်မင်းအားအမှူးထား၍ တပည့် ဒေါ်မေစီ မိသားစု	၄၀,၀၀၀
၅၁။	ဦးဘိုးသိန်း ဥက္ကဋ္ဌ (အင်းပေါက်ဝ)	၁၀၀,၀၀၀
၅၂။	ဦးအေးကျော်	၁၀၀,၀၀၀
၅၃။	ပါမောက္ခဒေါက်တာ ဒေါ်နန်းဦး	၁၀,၀၀၀
၅၄။	ဦးမောင်သန်းတင်	၅၀,၀၀၀
၅၅။	ဦးဘိုကြီး (သီရိသုဓမ္မမဏိဇောတရေ)	၅၀,၀၀၀
၅၆။	ဦးခင်သန်း	၅၀,၀၀၀
၅၇။	ဦးမောင်သိန်းဦး (ဓညဝတီဆေးတိုက်)	၃၀,၀၀၀
၅၈။	ဦးကျော်ရင် (ဥက္ကဋ္ဌ၊ သံတွဲခရိုင်အသင်း)	၂၀,၀၀၀
၅၉။	ဦးတင်မောင်ဝင်း အင်ဂျင်နီယာ	၂၀,၀၀၀
၆၀။	ဦးထွန်းမြင့် (ရွှေပန်းတိမ်)	၁၀,၀၀၀
၆၁။	ဒေါ်ခင်စော	၂၀,၀၀၀
၆၂။	ဒေါ်သာနုအေး	၁၀,၀၀၀
၆၃။	ဦးသံဝေရ	၅,၀၀၀
၆၄။	ဦးထွန်းအောင်ဖြူ အားရည်စူး၍ဇနီးဒေါ်ဦးကျော့စိန်	၁၀,၀၀၀
၆၅။	ဦးစံလှမောင်	၁၀,၀၀၀
၆၆။	ဦးမြင့်ကျော်	၅,၀၀၀
၆၇။	ဦးထွန်းမြင့် (ရှေ့နေကြီး)	၅,၀၀၀
၆၈။	ဦးမျိုးဆွေ	၁၀,၀၀၀
၆၉။	ဦးစံလှကျော်	၅,၀၀၀
၇၀။	ဦးထွန်းအေး	၂,၀၀၀
၇၁။	ဦးစောလွင်	၂,၀၀၀
၇၂။	ဦးထွန်းအောင်ဖြူ၊ ဒေါ်မေမေခင်	၅,၀၀၀
၇၃။	ဒေါ်ရီရီမြင့်	၃,၀၀၀
၇၄။	ကိုစံလှဝင်း	၅,၀၀၀
၇၅။	ရမ်းဗြဲမြို့နယ်အသင်း	၁၀,၀၀၀
၇၆။	မြောက်ဦးမြို့နယ်အသင်း	၁၀,၀၀၀
၇၇။	ဘူးသီးတောင်မြို့နယ်အသင်း	၁၀,၀၀၀
၇၈။	ရခိုင်တန်ဆောင်း စောင့်ရှောက်ရေးအသင်း	၁၀,၀၀၀
၇၉။	တောင်ကုတ်မြို့နယ်အသင်း	၁၀,၀၀၀
၈၀။	ရသေ့တောင်မြို့နယ်အသင်း	၁၅,၀၀၀
၈၁။	ရခိုင်သဟာယအသင်း	၃၀,၀၀၀
၈၂။	သံတွဲမြို့နယ်အသင်း	၂၀,၀၀၀
၈၃။	ပေါက်တောမြို့နယ်အသင်း	၁၀,၀၀၀
၈၄။	ပုဏ္ဏားကျွန်းမြို့နယ်အသင်း	၁၀,၀၀၀
၈၅။	ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း	၃၀,၀၀၀
၈၆။	မာန်အောင်မြို့နယ်အသင်း	၃၀,၀၀၀
၈၇။	ရွှေညီအစ်ကိုများ(မာန်အောင်)	၁၀,၀၀၀
၈၈။	မောင်တောမြို့နယ်အသင်း	၁၀,၀၀၀
၈၉။	ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)	၁၀၀,၀၀၀
၉၀။	ကျောက်ဖြူခရိုင်အသင်း(ရန်ကုန်)	၂၀,၀၀၀
၉၁။	ဗိုလ်မှူးကြီးကောင်းလှဖြူ (ငြိမ်း)	၅,၀၀၀
၉၂။	ဦးလှထွန်းဦး (ရွှေပြည်တန်)	၁၀,၀၀၀
၉၃။	ဦးမျိုးလွင် (သိမ်ကြီးဈေး)	၃၀,၀၀၀
၉၄။	ဦးစန်းဝေမောင် (ဒုတိယအကောက်ခွန်မှူး)	၃၀,၀၀၀
၉၅။	ဦးသိန်းရွှေ (ထွေ/ဂျာ)	၁၀,၀၀၀
၉၆။	ဦးခင်သိန်း(ညွှန်မှူး သစ်တော အငြိမ်းစား)	၁၀,၀၀၀
၉၇။	ဦးဘိုးလှ (လ/ထအထွေထွေမန်နေဂျာ)သစ်တော	၁၀,၀၀၀
၉၈။	သီရိသုဓမ္မမဏိဇောတရေ ဦးရွှေမြ (တိုင်းရင်းဆေး သမားတော်ကြီး)	၂၀,၀၀၀
၉၉။	ဦးသန်းခိုင်စိုး (ပရိက္ခရာ)လှူ	၂၀,၀၀၀

ရုံးပြောင်းရွှေ့ဖွင့်လှစ်ခြင်း

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အောက်မြန်မာပြည် ရုံးခွဲ (ရန်ကုန်) အား ယခု "အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန (ရုံးချုပ်ဝင်းအတွင်း) သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ မြို့နယ်"သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ခန့်ထားရန်)
ကြီးကြပ်ရေးမှူး (ဘွဲ့ရ)–ကျား (၂)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း လာရောက် လျှောက်ထားနိုင်ပါသည်။
–နယ်မှ ဖြစ်ရမည်။
လိပ်စာ–အမှတ်(၁၁၅)၊ ရေလမ်း၊ စက်မှုဇုန် (၅)၊ လှိုင်သာယာမြို့။
ဖုန်း–၇၀၆၅၃၃။

ကန့်ကွက်ရန်ကြော်ငြာစာ

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၉) မြေကွက်အမှတ်(၂၀၁)၊ ဦးပိုင် အမှတ်(၂၅၄)ဧရိယာဧက(၀ ဒသမ ၁၃၈)ဧကရှိ ဒေါ်ဆိုင်းအမည်ပေါက် ဂရန်အမှုတွဲအမှတ်၁၁/၅၅–၅၆ မှ ခွဲစိတ်ကျန်မြေကွက်အမှတ် (၂၀၁/၃၅၄) ဦးပိုင်အမှတ်(၂၅၄–ခ)ဧရိယာဧက (၀ ဒသမ ၀၆၁)ဧကကို ဦးခွန်မောင်တုတ်အမည်ဖြင့် ခွဲစိတ်ကျန် အမည်ပြောင်းဂရန် ပြုလုပ်ရန် မူရင်းဂရန်ပျောက်ဆုံးနေသဖြင့် ကန့်ကွက်လိုသူများ စာရွက်စာတမ်းအပြည့်အစုံဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဦးခွန်မောင်တုတ်
၇/၂၁၊ ဂန္ဓာမာလမ်း၊
ရွှေတောင်ရပ်။ တောင်ကြီးမြို့။

ကျွန်မနဲ့မသက်ဆိုင်တော့ပါ

ကျွန်မဒေါ်သီသီအေး၏ခင်ပွန်းဖြစ်သူ ဦးအေးမင်း ၁၂/အစန(နိုင်)၁၀၆၇၁၉သည် သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ခင်ပွန်းအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်မယူကြောင်းနှင့် သက်ဆိုင်ပတ်သက်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်သီသီအေး
၁၂/အစန(နိုင်)၁၀၆၁၃၆။

ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ မလေး၊ ကိုရီးယားဖွင့်မည်

ဂျပန်ပြန် ဆရာတိုကျိုအောင်ကြီးက ဂျပန်စကားကို တစ်ဦးချင်း၊ အဖွဲ့လိုက်၊ ဂျပန်အင်တာဗျူးပါအောင် နံနက် (၈း၀၀)နာရီမှ ည (၆း၀၀)နာရီအတွင်း အချိန်ညှိနှိုင်းသင်ကြားပေးသည်။ "ကျောင်းအပ်လက်ခံပြီ"။ ကျန်ဘာသာစကားများကို မတ်လ (၁၈)ရက်နေ့ဖွင့်မည်။ **တိုက် (၂၈၂)၊ အခန်း(၁)၊ ရန်ကင်းကြားမှတ်တိုင်အနီး၊ ဖုန်း–၅၄၆၄၀၄၊ လိုင်းခွဲ ၂၈၂။**

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇန ဥယျာဉ်မြို့တော် (A-3လမ်း)၊ တိုက် (၁) အခန်း (၄၀၄) ၏ မူလပိုင်ရှင် ဒေါ်ကညာမိမိသက် ပိုင်ဆိုင်သော တိုက်ခန်းအရောင်းအဝယ် မူရင်းစာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် ယုဇနဆောက်လုပ် ရေးအဖွဲ့သို့ အမည်ပေါက်လျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်
ယုဇနစင်တာNo.(130) တ–ထပ်၊
ရွှေဂုံတိုင်လမ်း၊ ဗဟန်း
ဖုန်း–၅၄၀၇၄၂။

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဖခင် ဦးထွန်းမြိုင်၊ မိခင်ဒေါ်လွန်းခင်တို့အား ရည်စူး၍ မော်လမြိုင် ပန်းဘဲတန်းရပ် အမှတ် (၁) ရုံးကြီးလမ်းနေ ဒေါ်အေးပိုမိသားစုတို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ပြင်ဦးလွင်၌ စေတနာ ဆရာဆရာမများအား ဂုဏ်ပြု

ပြင်ဦးလွင် မတ် ၂

၂၀၀၅–၂၀၀၆ ခုပညာသင်နှစ် ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးရေးရာ စေတနာညကျောင်းသင် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စေတနာ ဆရာ ဆရာမများအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ (၂၈၀)

သဃ်န်းကျွန်းမြို့နယ် အမှတ် (၈)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် မိဘဆရာအသင်း အစည်း အဝေးနှင့် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်း အနားကို မတ် ၂ ရက်က ကျင်းပရာ ပထမဆုရ Grade 3 (c)မှ မောင်ဟိန်းစိုးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အသံ

၁၃–၃–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဗျဂ်သုတ်)

နေ့လယ်ပိုင်း

၀၉း၃၅ ဆွေးနွေးခန်း (ကောင်းမှုတော်စေတီဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများ)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများ)
၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေ သိကောင်းစရာတချို့–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီဒုတိယနှစ်–ပညာရေးစစ်ဆေးတိုင်းတာမှု)

ညနေပိုင်း

၁၇း၀၀ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆုရတေးများအစီအစဉ်
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သာယာဖွယ်ကောင်း လတပေါင်း ကြည်နူးရွှင်ပျော် သဲပုံစေတီတော်–စုသီရိ)
၁၈း၂၅ ဆွေးနွေးခန်း (တာချီလိတ်မြို့မှ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းအဖွဲ့ (အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရ မကွေးတိုင်းမှ မောင်စွမ်းထက် ဆိုင်းအဖွဲ့)

စက်ရေတွင်းတူးဖော်

ဖေဖော်ဝါရီ ၃ ရက်က ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သောကန့်လန့်ကျေးရွာ စက်ရေတွင်း တူးဖော်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးအေးသူ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

တောင်တွင်းကြီးမြို့နယ် မောင်းတိုင် (၂)ရပ်ကွက် ထူပါရုံလမ်းအရှည်ပေ ၁၄၂၀ ကို ကတ္တရာ လမ်းခင်းရန် အတွက် ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ ကတ္တရာလောင်းခြင်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်စစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီတိပ်ခွေလက်ဆောင်ပေးအပ်

● *ရွှေဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bahskar Kumar Mitra နှင့် သံရုံးအဖွဲ့ဝင်များကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်ကြ

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက်၁၀နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ဧည့်ခန်းမသို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ပြည်ထောင်စုမြန်မာနိုင်ငံတော် ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗွီစီဒီတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

အမှတ်တရ လက်ဆောင် ပြန်လည်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်က အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ စာအုပ်စာတမ်းများကို အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး